မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


အမှတ် ၂၅ ] ရန်ကုန်မြို့ { ၁၃၈၀ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက် ( ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၂ ရက် ) } သောကြာနေ့ [ အတွဲ ၇၁


ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂၀/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဖြည့်စွက်ခန့်ထားခြင်း**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါ ပုဂ္ဂိုလ်များကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ခန့်ထားလိုက်သည် -

(၁) ဦးစိန်သန်း
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

(၂) ဦးညွန့်တင်
သံအမတ်ကြီး (ငြိမ်း)

(၃) ဒေါက်တာဒေါ်တင်မေထွန်း
ပါမောက္ခ (ငြိမ်း)
အဝေးသင်တက္ကသိုလ် (ရန်ကုန်)

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၈**

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

၂၀၁၈ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၈) မှ သဘောတူညီမှုအရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ယူ၍ စီမံခန့်ခွဲလျက်ရှိသည့်

အောက်ဖော်ပြပါ နိုင်ငံပိုင်ရုပ်ရှင်ရုံ (၂၇) ရုံနှင့် ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချခဲ့သည့် ရုပ်ရှင်ပြသခြင်း လုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက် (Condition) ပါ ရုပ်ရှင်ရုံ (၉၄) ရုံ၊ စုစုပေါင်းရုပ်ရှင်ရုံ (၁၂၁) ရုံကို ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် ရုပ်ရှင်ရုံများနှင့်သက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းများအား သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်မှစ၍ လွှဲပြောင်းပေးအပ်လိုက်သည် -

(၁) **နိုင်ငံပိုင်ရုပ်ရှင်ရုံ (၂၇) ရုံ [ပုဂ္ဂလိကသို့ငှားရမ်းထားသော ရုပ်ရှင်ရုံ (၂၆) ရုံနှင့် ပြတိုက်အဖြစ် ဆောင်ရွက်မည့်ရုပ်ရှင်ရုံ (၁) ရုံ]**

(က) **ကယားပြည်နယ် (၁) ရုံ**

(၁) သီရိ၊ လွိုင်ကော်မြို့။

(ခ) **ကရင်ပြည်နယ် (၁) ရုံ**

(၁) တက်နေဝင်း၊ ဘားအံမြို့။

(ဂ) **တနင်္သာရီတိုင်းဒေသကြီး (၁) ရုံ**

(၁) အောင်မင်္ဂလာ၊ ထားဝယ်မြို့။

(ဃ) **ပဲခူးတိုင်းဒေသကြီး (၁) ရုံ**

(၁) ပြည်တော်အေး၊ ပြည်မြို့။

(င) **မကွေးတိုင်းဒေသကြီး (၂) ရုံ**

(၁) စံပြ၊ မကွေးမြို့။

(၂) ရွှေလမင်း၊ တောင်တွင်းကြီးမြို့။

(စ) **မန္တလေးတိုင်းဒေသကြီး (၄) ရုံ**

(၁) မြို့မ၊ ချမ်းအေးသာစံမြို့နယ်။

(၂) ဝင်းလိုက်၊ ချမ်းအေးသာစံမြို့နယ်။

(၃) မြို့ဂုဏ်ရောင်၊ ချမ်းအေးသာစံမြို့နယ်။

(၄) နေပြည်တော်၊ အောင်မြေသာစံမြို့နယ်။

(ဆ) **ရန်ကုန်တိုင်းဒေသကြီး (၁၄) ရုံ**

(၁) သမ္မတရုပ်ရှင်ရုံ၊ ဒဂုံမြို့နယ်။

(၂) ရှေ့ဆောင်၊ ကျောက်တံတားမြို့နယ်။

(၃) နေပြည်တော်၊ ကျောက်တံတားမြို့နယ်။

(၄) သွင်၊ ကျောက်တံတားမြို့နယ်။

(၅) ဝဇီရာ (၁)၊ ကျောက်တံတားမြို့နယ်။

(၆) စံပြ၊ လမ်းမတော်မြို့နယ်။

(၇) နဝဒေး၊ မရမ်းကုန်းမြို့နယ်။

(၈) မဟာမြိုင်၊ အင်းစိန်မြို့နယ်။

(၉) ရွှေဗဟိုရ်၊ တာမွေမြို့နယ်။

(၁၀) မြရတနာ၊ သာကေတမြို့နယ်။

(၁၁) ရွှေပြည်သာ၊ ရွှေပြည်သာမြို့နယ်။

(၁၂) မြဟံသာ၊ သန်လျင်မြို့နယ်။

(၁၃) မင်းရန်အောင်၊ မြောက်ဥက္ကလာပမြို့နယ်။

(၁၄) ဝဇီရာ-၂၊ လှိုင်သာယာမြို့နယ်။

(ဇ) **ရှမ်းပြည်နယ် (၂) ရုံ**

(၁) အောင်သီရိ၊ လားရှိုးမြို့။

(၂) မြသုခ၊ တောင်ကြီးမြို့။

(စျ) **ဧရာဝတီတိုင်းဒေသကြီး (၁) ရုံ**

(၁) ရွှေပြည်တော်၊ ပုသိမ်မြို့။

(၂) **ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချခဲ့သည့် ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက် (Condition) ပါ ရုပ်ရှင်ရုံ (၉၄) ရုံ**

(က) **ကချင်ပြည်နယ် (၄) ရုံ**

(၁) စတား (စန္ဒာမော်) (မွန်းလိုက်)၊ ဗန်းမော်မြို့။

(၂) ဇမ္ဗူဒီပါ (သီတာမော်) (စတားလိုက်)၊ ဗန်းမော်မြို့။

(၃) မြို့ဂုဏ်ရောင်၊ မြစ်ကြီးနားမြို့။

(၄) ဧရာ၊ မြစ်ကြီးနားမြို့။

(ခ) **စစ်ကိုင်းတိုင်းဒေသကြီး (၆) ရုံ**

(၁) မြို့မ၊ ကောလင်းမြို့။

(၂) မြစန္ဒာ၊ မုံရွာမြို့။

(၃) မင်းသီဟ (စိန်အောင်ဝင်း)၊ ကသာမြို့။

(၄) ပြည်တော်ချစ်၊ ကလေးမြို့။

(၅) ဝင်း၊ ရွှေဘိုမြို့။

(၆) ဇေယျာသီရိ၊ စစ်ကိုင်းမြို့။

(ဂ) **တနင်္သာရီတိုင်းဒေသကြီး (၃) ရုံ**

(၁) ဂုဏ်၊ မြိတ်မြို့။

(၂) ရွှေ့ဆောင်၊ မြိတ်မြို့။

(၃) ရွှေဝယ်သီရိ (မင်္ဂလာသီရိ)၊ ထားဝယ်မြို့။

(ဃ) **ပဲခူးတိုင်းဒေသကြီး (၁၁) ရုံ**

(၁) ထွန်းသီရိ၊ ပြည်မြို့။

(၂) ရဲတံခွန်၊ ပဲခူးမြို့။

(၃) ရွှေဟင်္သာ၊ ပဲခူးမြို့။

(၄) ညွှန့်၊ ပဲခူးမြို့။

(၅) ဆန်းသီရိ (ဝင်း)၊ တောင်ငူမြို့။

(၆) အောင်မင်္ဂလာ (စိန်စံပါယ်ဦး)၊ လက်ပံတန်းမြို့။

(၇) မြို့မ၊ လက်ပံတန်းမြို့။

(၈) မြို့ဂုဏ်ရောင်၊ နတ်တလင်းမြို့။

(၉) လှသီရိ၊ မင်းလှမြို့။

(၁၀) ရှိန် (ရတနာဝင်း)၊ သုံးဆယ်မြို့။

(၁၁) တိုင်းချစ်၊ ပေါင်းတည်မြို့။

(င) **မကွေးတိုင်းဒေသကြီး (၇) ရုံ**

(၁) သီဟ (ဆန်းသီရိ)၊ ပခုက္ကူမြို့။

(၂) စန္ဒာဝင်း (မြေ)၊ အောင်လံမြို့။

(၃) မြစိမ်းရောင်၊ ရေနံချောင်းမြို့။

(၄) ဩဘာညွန့် (ရွှေလမင်း) (မြေ)၊ တောင်တွင်းကြီးမြို့။

(၅) လှသီရိ၊ မင်းဘူးမြို့။

(၆) ဇာတိမာန်၊ သရက်မြို့။

(၇) အောင်ရတနာ (ရွှေဗဟို)၊ ချောက်မြို့။

(စ) **မန္တလေးတိုင်းဒေသကြီး (၁၄) ရုံ**

(၁) ချယ်ရီလွင် (စိန်မေဝင်း)၊ ပြင်ဦးလွင်မြို့။

(၂) ဂရင်း (မျိုးမြင့်)၊ မိတ္ထီလာမြို့။

(၃) ရွှေသီရိ (သီရိ)၊ မြင်းခြံမြို့။

(၄) တော်ဝင်၊ ချမ်းအေးသာစံမြို့နယ်။

(၅) မစိုးရိမ်၊ ချမ်းအေးသာစံမြို့နယ်။

(၆) စိန်ဒေါင်းပျံ၊ ပျော်ဘွယ်မြို့။

(၇) ဗမာ့ဂုဏ်ရောင်၊ ရမည်းသင်းမြို့။

(၈) ဟန်၊ ကျောက်ဆည်မြို့။

(၉) စိုးစံ (စိန်ပါတီ)၊ သာစည်မြို့။

(၁၀) နေလ (အောင်ရတနာ)၊ ဝမ်းတွင်းမြို့။

(၁၁) ခေတ်သစ်၊ မိုးကုတ်မြို့။

(၁၂) ဇမ္ဗူအေး (ဝင်းဝင်း)၊ ကျောက်ပန်းတောင်းမြို့။

(၁၃) အောင်သပြေ (စိမ်းယဉ်ယဉ်)၊ ရမည်းသင်းမြို့။

(၁၄) မြေလတ်ဂုဏ် (ဂုဏ်)၊ မြင်းခြံမြို့။

(ဆ) **မွန်ပြည်နယ် (၆) ရုံ**

(၁) ကြယ်တာရာ (မြင့်မြတ်)၊ သထုံမြို့။

(၂) မြိုင် (မြိုင်စီနီမာ)၊ သထုံမြို့။

(၃) ရွှေကြယ် (အောင်မင်္ဂလာ)၊ သထုံမြို့။

(၄) ရတနာဦး (သီရိမြိုင်)၊ မော်လမြိုင်မြို့။

(၅) ဘုရင့်၊ မော်လမြိုင်မြို့။

(၆) နန်းတော်၊ မော်လမြိုင်မြို့။

(ဈ) **ရခိုင်ပြည်နယ် (၅) ရုံ**

(၁) သိန်း၊ သံတွဲမြို့။

(၂) ရတနာ (စိတ်ဖြေရာ)၊ သံတွဲမြို့။

(၃) အသံထွက်၊ မောင်တောမြို့။

(၄) အောင် (မင်္ဂလာ)၊ ကျောက်ဖြူမြို့။

(၅) မြို့မ၊ စစ်တွေမြို့။

(ည) **ရန်ကုန်တိုင်းဒေသကြီး (၁၃) ရုံ**

(၁) ရတနာပုံ၊ စမ်းချောင်းမြို့နယ်၊

(၂) ရွှေမန်း၊ စမ်းချောင်းမြို့နယ်၊

(၃) ဆုထူးပန်၊ ကျောက်တံတားမြို့နယ်။

(၄) ဘုရင့်၊ ကျောက်တံတားမြို့နယ်။

(၅) မြို့မ၊ ကျောက်တံတားမြို့နယ်။

(၆) ရွှေဂုန်၊ ကျောက်တံတားမြို့နယ်။

(၇) ပဒေသာ၊ တောင်ဥက္ကလာပမြို့နယ်။

(၈) မြနန်းသီဂီ၊ လှိုင်မြို့နယ်။

(၉) ဘုရင့်နောင်၊ တာမွေမြို့နယ်။

(၁၀) ဧရာဝတီ၊ သင်္ဃန်းကျွန်းမြို့နယ်။

(၁၁) သီတာ၊ ကြည့်မြင်တိုင်မြို့နယ်။

(၁၂) အောင်သီရိ၊ မှော်ဘီမြို့နယ်။

(၁၃) ရွှေရတနာ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)။

(ဋ) **ရှမ်းပြည်နယ် (၁၂) ရုံ**

(၁) သီတာအေး (သီရိမင်္ဂလာ)၊ လားရှိုးမြို့။

(၂) သိန်းထိုက် (စိန်မြဝင်း)၊ လားရှိုးမြို့။

(၃) မြို့မ၊ တောင်ကြီးမြို့။

(၄) ဗန္ဓုလ၊ တောင်ကြီးမြို့။

(၅) ခေမရဋ္ဌ၊ ကျိုင်းတုံမြို့။

(၆) ကျိုင်းတုံ၊ ကျိုင်းတုံမြို့။

(၇) စိန်မေတ္တာ၊ သီပေါမြို့။

(၈) ငွေဗိမာန်၊ အောင်ပန်းမြို့။

(၉) စံပြ၊ တာချီလိတ်မြို့။

(၁၀) မင်္ဂလာ (စိန်ဝေလျှံ)၊ ကျောက်မဲမြို့။

(၁၁) စိန်အောင်ဝင်း၊ ကျောက်မဲမြို့။

(၁၂) မြို့ဂုဏ်ရောင်၊ ကလောမြို့။

( ၄ ) **ဧရာဝတီတိုင်းဒေသကြီး (၁၀) ရုံ**

(၁) စံပြ၊ မြောင်းမြမြို့။

(၂) အောင်သိဒ္ဓိ၊ မြောင်းမြမြို့။

(၃) ရန်ကြီးအောင် (ရွှေကျား)၊ မြောင်းမြမြို့။

(၄) မြို့မ (ရွှေနန်းတော်)၊ မအူပင်မြို့။

(၅) ဆန်းသစ်၊ မအူပင်မြို့။

(၆) ထွန်းသီရိ၊ ဖျာပုံမြို့။

(၇) ဆန်းမေတ္တာ၊ ဖျာပုံမြို့။

(၈) ရွှေပြည်အေး (ပလေဒီယံ)၊ ပုသိမ်မြို့။

(၉) ရွှေပြည်သာ (ရေဗယ်လ်အယ်လ်)၊ ပုသိမ်မြို့။

(၁၀) အောင်မင်္ဂလာ၊ ဟင်္သာတမြို့။

( ၅ ) **နေပြည်တော် (၃) ရုံ**

(၁) မြို့မ၊ ပျဉ်းမနားမြို့။

(၂) ငွေဆောင် (ကတိုး)၊ ပျဉ်းမနားမြို့။

(၃) ရဲရင့်၊ ပျဉ်းမနားမြို့။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်သူ့လွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ (မူကြမ်း)

## (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၈ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို ဆိုသည်၊

(ခ) **ဗဟိုကောင်စီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဗဟိုကောင်စီကို ဆိုသည်၊

(ဂ) **ဗဟိုအလုပ်အမှုဆောင်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်၊

(ဃ) **မြို့နယ်အသင်း အလုပ်အမှုဆောင် ဖွဲ့စည်းရေး ကြီးကြပ်မှုကော်မတီ**ဆိုသည်မှာ ပုဒ်မ ၁၄ ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသည့် အဖွဲ့ကို ဆိုသည်၊

(င) **မြို့နယ်အသင်း**ဆိုသည်မှာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကို ဆိုသည်၊

(စ) **အသင်းခွဲ**ဆိုသည်မှာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲကို ဆိုသည်၊

(ဆ) **ဂုဏ်ထူးဆောင်အသင်းသား**ဆိုသည်မှာ ပုဒ်မ ၁၀ အရ ဂုဏ်ထူးဆောင်နာယကအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူကို ဆိုသည်၊

(ဇ) **အသင်းသား**ဆိုသည်မှာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အသင်းနှင့် အသင်းခွဲများ၏ အသင်းသားများကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၊ မိသားစုများ၏ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုအဖြစ်ဖွဲ့စည်းရန်၊

(ခ) တစ်နိုင်ငံလုံးတွင်ဖွဲ့စည်းထားရှိသော မြို့နယ်အသင်းများနှင့်အသင်းခွဲများအား မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်ရေးအခြေခံပညာရပ်များကို စည်းရုံးဖြန့်ဖြူးပေးရန်၊

(ဂ) တစ်နိုင်ငံလုံးတွင်ဖွဲ့စည်းထားရှိသော မြို့နယ်အသင်းများနှင့် အသင်းခွဲများအား ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များ၊ အကူအညီများပေးရန်၊

(ဃ) မိသားစုများအား လိုအပ်သည့်အခါ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များ၊ အကူအညီများပေးရန်၊

(င) မြို့နယ်အသင်းများနှင့်၊ အသင်းခွဲများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများ ချောမောအဆင်ပြေစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(စ) မိခင်၊ ကလေးစောင့်ရှောက်ရေးလုပ်ငန်းများနှင့်မိသားစုစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရန်။

## အခန်း (၃)
## ဖွဲ့စည်းခြင်း

၄။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(က) မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊

(ခ) မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊

(ဂ) မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ။

၅။ အသင်းခွဲကိုဖွဲ့စည်းရာတွင် သက်ဆိုင်ရာမြို့နယ်အသင်း၏ သဘောတူညီချက်ဖြင့်သာ ဖွဲ့စည်းနိုင်သည်။

၆။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ဗဟိုကောင်စီလည်းဖြစ်သည်။

၇။ ဝန်ကြီးဌာနသည် ဗဟိုကောင်စီကို အောက်ပါပုဂ္ဂိုလ်များပါဝင်စေလျက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည် -

| | | | |
|---|---|---|---|
| (က) | ပြည်ထောင်စုအစိုးရအဖွဲ့ကခန့်ထားသောပုဂ္ဂိုလ် | ၁ ဦး | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုအစိုးရအဖွဲ့ကခန့်ထားသောပုဂ္ဂိုလ် | ၁၄ ဦး | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များမှ ဥက္ကဋ္ဌ | ၁၄ ဦး | အဖွဲ့ဝင် |
| (ဃ) | နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ | ၁ ဦး | အဖွဲ့ဝင် |
| (င) | စေတနာ့ဝန်ထမ်းလုပ်ငန်းကို စိတ်ပါဝင်စားသူ | ၅ ဦး | အဖွဲ့ဝင် |

၈။ ဗဟိုကောင်စီတွင်ဥက္ကဋ္ဌမှအပ ဒုတိယဥက္ကဋ္ဌနှစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးနှစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးနှင့် စာရင်းစစ်တစ်ဦးတို့ကို ဗဟိုကောင်စီဝင်များက မိမိတို့ထဲမှ ရွေးချယ်တင်မြှောက်ရမည်။

၉။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဗဟိုကောင်စီဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပုဒ်မ ၈ အရ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပုဂ္ဂိုလ်များသည် ယင်းတို့၏ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ရာထူးအတိုင်းလည်းကောင်း၊ ဗဟိုကောင်စီဝင်များက ရွေးချယ်တင်မြှောက်သော အခြားဗဟိုကောင်စီဝင် ခုနစ်ဦးသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်စေလျက် စုစုပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။

၁၀။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ဂုဏ်ထူးဆောင်နာယကများကို သတ်မှတ်ခြင်းနှင့် ရွေးချယ်တင်မြှောက်ခြင်းပြုလုပ်နိုင်သည်။

၁၁။ ဗဟိုကောင်စီ၏ နှစ်ပတ်လည်အစည်းအဝေးကို နှစ်စဉ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေးများ ခေါ်ယူကျင်းပနိုင်သည်။

၁၂။ ဝန်ကြီးဌာနသည် ပထမအကြိမ် ဗဟိုကောင်စီအစည်းအဝေးကို ခေါ်ယူကျင်းပပေးရမည်။

၁၃။ (က) နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များကို အောက်ပါအတိုင်းရွေးချယ်ရမည် -

(၁) နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့ အလုပ်အမှုဆောင် ကိုယ်စားလှယ်လောင်းအဖြစ် မြို့နယ်အသင်းအလုပ်အမှုဆောင် ကြီးကြပ်မှုကော်မတီက ကြီးကြပ်၍ သက်ဆိုင်ရာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ အသင်းသားများမှ မဲစနစ်ဖြင့် ရွေးချယ်သည့် ကိုယ်စားလှယ်တစ်ဦး၊

(၂) ပုဒ်မခွဲငယ် (၁) အရ မြို့နယ်အလိုက် ရွေးချယ်သည့် ကိုယ်စားလှယ်လောင်းများကို နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဖွဲ့စည်းပေးသော ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦး၊ စာရင်းစစ်တစ်ဦးနှင့် အဖွဲ့ဝင်တစ်ဦး စုစုပေါင်း ငါးဦး ပါဝင်သော နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့ကို မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းရမည်။ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌသည် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ဗဟိုကောင်စီဝင်ဖြစ်သည်။

(ခ) ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များကို အောက်ပါအတိုင်း ရွေးချယ်ရမည် -

(၁) ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ အလုပ်အမှုဆောင်ကိုယ်စားလှယ်လောင်း အဖြစ် မြို့နယ်အသင်းအလုပ်အမှုဆောင်ကြီးကြပ်မှုကော်မတီက ကြီးကြပ်၍ သက်ဆိုင်ရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အသင်းသားများမှ မဲစနစ်ဖြင့် ရွေးချယ်သည့် ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် ခရိုင်ဖွဲ့စည်းပုံအရ လိုအပ်ပါက ငါးဦးထက် မပိုသော ကိုယ်စားလှယ်များ၊

(၂) နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဖွဲ့စည်းပေးသော ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦး၊ စာရင်းစစ်တစ်ဦး နှင့် အဖွဲ့ဝင်တစ်ဦး စုစုပေါင်း ငါးဦး ပါဝင်သော ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ကို မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းရမည်။

၁၄။ (က) အသင်းသားများထဲမှ နှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် မြို့နယ်အသင်း အလုပ်အမှုဆောင် ဖွဲ့စည်းရေး ကြီးကြပ်မှုကော်မတီကို သက်ဆိုင်ရာမြို့နယ် အတွင်းရှိ အများပြည်သူ ကြည်ညိုလေးစားခြင်းခံရသည့် အောက်ပါပုဂ္ဂိုလ် (၅) ဦးပါဝင်သော အဖွဲ့ဖြင့် ဖွဲ့စည်းရမည် -

(၁) အငြိမ်းစားကျန်းမာရေးဝန်ထမ်း (၁) ဦး

(၂) အငြိမ်းစားပညာရေးဝန်ထမ်း (၁) ဦး

(၃) စီးပွားရေးလုပ်ငန်းရှင် (၁) ဦး

(၄) ပရဟိတလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်နေသူ (၁) ဦး

(၅) မိခင်နှင့်ကလေးဖွံ့ဖြိုးရေးလုပ်ငန်းများကို စိတ်ဝင်စားသူ (၁) ဦး

(ခ) မြို့နယ်အလုပ်အမှုဆောင်ဖွဲ့စည်းရေး ကြီးကြပ်မှုကော်မတီသည် မြို့နယ်အသင်း နှစ်ပတ်လည် အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းသားများထဲမှ -

(၁) နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့အတွက် ကိုယ်စားလှယ်လောင်း တစ်ဦး၏ အမည်စာရင်းကိုလည်းကောင်း၊

(၂) ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့အတွက် ကိုယ်စားလှယ်လောင်း တစ်ဦး သို့မဟုတ် ခရိုင်ဖွဲ့စည်းပုံအရ လိုအပ်ပါက ငါးဦးထက် မပိုသော ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကိုလည်းကောင်း၊

(၃) မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင်အဖွဲ့အတွက် အဖွဲ့ဝင် ၇ ဦးကိုလည်းကောင်း မဲစနစ်ဖြင့် ရွေးချယ်ရမည်။

(ဂ) မြို့နယ်အသင်းအမှုဆောင်အဖွဲ့ဝင်များသည် မိမိတို့အနက်မှ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် စာရင်းစစ်တို့ကို ရွေးချယ်တင်မြှောက်ရမည်။

(ဃ) မြို့နယ်အသင်း၏ အသင်းသားများသည် မြို့နယ်အသင်းနှစ်ပတ်လည် အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် မြို့နယ်အသင်းအမှုဆောင်အဖွဲ့ဝင်များ လစ်လပ်ပါက မိမိတို့အနက်မှ ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများတွင် စိတ်ဝင်စားပြီး ကူညီပံ့ပိုးနိုင်မည့် ပုဂ္ဂိုလ်များဖြင့် အစားထိုးနိုင်ရန် ရွေးချယ်တင်မြှောက်ရမည်။

၁၅။ (က) မြို့နယ်အသင်း၏ သက်ဆိုင်ရာအသင်းခွဲတွင် ပါဝင်သောအသင်းသားများသည် အသင်းခွဲ နှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် မိမိတို့အနက်မှ အသင်းခွဲ အမှုဆောင်အဖြစ် ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများတွင် စိတ်ဝင်စားပြီး ကူညီပံ့ပိုးနိုင်မည့် ပုဂ္ဂိုလ် (၇) ဦးကို မြို့နယ်အလုပ်အမှုဆောင်/မြို့နယ်အသင်းဖွဲ့စည်းရေး ကြီးကြပ်မှု ကော်မတီ၏ ကြီးကြပ်မှုဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(ခ) အသင်းခွဲ အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦး၊ စာရင်းစစ်တစ်ဦးနှင့် အဖွဲ့ဝင်သုံးဦး၊ စုစုပေါင်းခုနစ်ဦး ပါဝင်စေရမည်။

(ဂ) အသင်းခွဲ၏ အသင်းသားများသည် အသင်းခွဲ နှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် အထူး အစည်းအဝေးတွင် အသင်းခွဲအမှုဆောင်အဖွဲ့ဝင်များ လစ်လပ်ပါက မိမိတို့အနက်မှ ကျန်းမာရေး၊ လူမှုရေးနှင့်ပညာရေးလုပ်ငန်းများတွင် စိတ်ဝင်စားပြီး ကူညီပံ့ပိုးနိုင်မည့် ပုဂ္ဂိုလ်များဖြင့် အစားထိုးနိုင်ရန် ရွေးချယ်တင်မြှောက်ရမည်။

၁၆။ ဗဟိုကောင်စီ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့်အသင်းခွဲအသီးသီး၏ အမှုဆောင်အဖွဲ့သက်တမ်းသည် ဗဟိုကောင်စီ စတင်ဖွဲ့စည်းသည့် နေ့ရက်မှစ၍ ငါးနှစ် ဖြစ်သည်။

၁၇။ မြို့နယ်အသင်းနှင့်အသင်းခွဲတို့သည် နှစ်ပတ်လည်အစည်းအဝေးကို နှစ်စဉ်ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေးများခေါ်ယူကျင်းပနိုင်သည်။ ယင်းအစည်းအဝေးတွင် လစ်လပ်လျက်ရှိသော အလုပ်အမှုဆောင်အဖွဲ့ဝင်နေရာများကို အစားထိုးရွေးချယ် ခန့်ထားနိုင်သည်။

၁၈။ ဗဟိုကောင်စီ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့၏ အမှုဆောင် အဖွဲ့များသည် သတ်မှတ်ထားသည့် အစည်းအဝေးကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာ ဆောင်ရွက်ရမည်။

## အခန်း (၄)

## အသင်းသားဖြစ်ခြင်း၊ အသင်းသားအဖြစ်မှရပ်စဲခြင်း

၁၉။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွင် အောက်ပါအတိုင်း အသင်းသားအမျိုးအစားများ ခွဲခြားသတ်မှတ်ထားရှိသည် -

(က) ဂုဏ်ထူးဆောင်အသင်းသား၊

(ခ) အသင်းသား။

၂၀။ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အဆင့်အတန်း၊ အမျိုးသား၊ အမျိုးသမီးခွဲခြားမှုမရှိစေဘဲ အောက်ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက မြို့နယ်အသင်း သို့မဟုတ် အသင်းခွဲတွင် အသင်းသားအဖြစ်ပါဝင်ရန် လျှောက်ထားနိုင်သည် -

(က) အသက် (၁၈) နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(ခ) ရူးသွပ်သူမဟုတ်ခြင်း၊

(ဂ) သာသနာ့ဝန်ထမ်းမဟုတ်ခြင်း၊

(ဃ) ဝင်ကြေး၊ နှစ်စဉ်ကြေးပေးဆောင်နိုင်သူဖြစ်ခြင်း။

၂၁။ အသင်းသားအဖြစ်လက်ခံခြင်း၊ ဝင်ကြေး၊ နှစ်စဉ်ကြေးတို့နှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

၂၂။ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လျှင် အသင်းသားအဖြစ်မှ ရပ်စဲခြင်းခံရမည် -

(က) အသင်းသားကွယ်လွန်ခြင်း၊

(ခ) ဗဟိုကောင်စီကသတ်မှတ်ထားသည့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခံရခြင်း၊

(ဂ) ဗဟိုကောင်စီ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲပိုင်ငွေ သို့မဟုတ် ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊

(ဃ) ဗဟိုကောင်စီ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲ၏ လုပ်ငန်းများကို ဟန့်တားခြင်း၊ ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်း၊ ဗဟိုကောင်စီ သို့မဟုတ် သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ပြုမူဆောင်ရွက်ခြင်း။

၂၃။ အသင်းသားဖြစ်ခြင်းနှင့် အသင်းသားအဖြစ်မှရပ်စဲခြင်းကို သက်ဆိုင်ရာမြို့နယ်အသင်း သို့မဟုတ် အသင်းခွဲ၏ အမှုဆောင်အဖွဲ့က ဆုံးဖြတ်ရမည်။

၂၄။ ပုဒ်မ ၂၃ အရ ချမှတ်သည့်ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကောင်စီသို့ အယူခံနိုင်သည်။

၂၅။ ပုဒ်မ ၂၄ အရ အယူခံသည့် ကိစ္စနှင့်စပ်လျဉ်း၍ ဗဟိုကောင်စီကချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၅)
## တာဝန်နှင့်လုပ်ပိုင်ခွင့်

၂၆။ ဗဟိုကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ရွေးကောက်တင်မြှောက်ခြင်း၊

(ခ) အသင်းသားများလိုက်နာရမည့် စည်းကမ်းများနှင့်ကျင့်ဝတ်များကို သတ်မှတ်ခြင်း၊

(ဂ) မြို့နယ်အသင်းများနှင့် အသင်းခွဲများကဆောင်ရွက်ရမည့် ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ လုပ်ငန်းများကို အခါအားလျော်စွာ သတ်မှတ်ပေးခြင်း၊

(ဃ) ဗဟိုကောင်စီက သတ်မှတ်ထားသော ဝန်ထမ်းဦးရေနှင့် သတ်မှတ်သောလစာနှုန်းများအရ ကောင်စီ၏ ရုံးအဖွဲ့ကိုဖွဲ့စည်းခြင်း၊ ခန့်ထားခြင်း၊

(င) မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ကိုယ်စား ပဋိညာဉ်များ၊ သဘောတူ စာချုပ်များ ချုပ်ဆိုခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းများကို သတ်မှတ်ပေးခြင်း၊

(စ) အကျိုးတူ၊ ရည်ရွယ်ချက်တူလုပ်ငန်းများကို ဆောင်ရွက်ကြသည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့်ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရရှိသည့်ရန်ပုံငွေများနှင့် ပစ္စည်းများကို အကျိုးရှိစွာအသုံးပြုခြင်း၊

(ဆ) မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့်သက်ဆိုင်သော အခြားကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

၂၇။ ဗဟိုကောင်စီသည် ပုဒ်မ ၂၄ အရ တင်သွင်းလာသော အယူခံမှုများကို ဆုံးဖြတ်ရမည်။

၂၈။ (က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ဗဟိုကောင်စီနှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် ပုံမှန်အစည်းအဝေးများ ကျင်းပချိန်မဟုတ်သည့်အခါ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၇ ပါ ဗဟိုကောင်စီ၏ တာဝန်ဝတ္တရားများကို တာဝန်ခံဆောင်ရွက်ရမည်။ ယင်းဆောင်ရွက်ချက်များကို အနီးကပ်ဆုံး ဗဟိုကောင်စီအစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ဗဟိုကောင်စီကချမှတ်ထားသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဂ) နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သည် မြို့နယ်အသင်းနှင့် အသင်းခွဲများ၏လုပ်ငန်းများကို အထောက်အကူပြုရမည်။

(ဃ) နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သည် ဗဟိုကောင်စီက အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ရမည်။

(င) ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သည် ခရိုင်အတွင်းရှိ မြို့နယ်အသင်းနှင့် အသင်းခွဲများ၏ လုပ်ငန်းများကို အထောက်အကူပြုရမည်ဖြစ်ပြီး နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း (၆)
## ဘဏ္ဍာရေး

၂၉။ ဗဟိုကောင်စီ၊ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့်အသင်းခွဲအသီးသီးသည် -

(က) အမြတ်အစွန်းကို မရည်ရွယ်သည့်အဖွဲ့အစည်းအဖြစ် ဆောင်ရွက်မည့်အပြင် မိမိရန်ပုံငွေဖြင့် ရပ်တည်ရမည်။

(ခ) ရငွေများကို ဘဏ်တွင်ငွေစာရင်းဖွင့်လှစ်၍ အပ်နှံထားရမည်။ ဘဏ်ရှိငွေများကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများအတွက် လိုအပ်ပါက သုံးစွဲပိုင်ခွင့်ရှိသည်။ လတ်တလော အသုံးပြုရန် မလိုအပ်သည့်ရန်ပုံငွေကို တိုးပွားအောင် ငွေစုလက်မှတ် ဝယ်ယူနိုင်သည်။

(ဂ) ငွေစာရင်းများကို စနစ်တကျထားရှိခြင်းနှင့် ထိန်းသိမ်းခြင်းပြုရမည်။

(ဃ) ရန်ပုံငွေရှာဖွေခြင်း၊ ငွေကြေးသုံးစွဲခြင်း၊ သုံးစွဲခွင့်ရယူခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(င) ဘဏ္ဍာရေးနှစ်အတွင်း ရငွေသုံးငွေစာရင်းများကို အကျိုးဆောင်စာရင်းစစ်အား စစ်ဆေးစေခြင်း၊ စာရင်းရှင်းတမ်းကို ရေးဆွဲပြုစုစေခြင်းပြုရမည်။

၃၀။ ဗဟိုကောင်စီ၊ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သည် မိမိပိုင်နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ မိခင်၊ ကလေးနှင့် မိသားစုစောင့်ရှောက်ရေးလုပ်ငန်းအတွက် တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲခွင့်ရှိသည်။

၃၁။ ဗဟိုကောင်စီ၊ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့်အသင်းခွဲတို့၏ စာရင်းများထားရှိခြင်း၊ စာရင်းစစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်ပါက သက်ဆိုင်ရာစာရင်းရုံး၏ အကူအညီကိုတောင်းခံရယူနိုင်သည်။

၃၂။ ဗဟိုကောင်စီ၊ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့်အသင်းခွဲတို့၏ ဘဏ္ဍာရေးနှစ်သည် ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေး နှစ်အတိုင်းဖြစ်သည်။

## အခန်း (၇)

## အထွေထွေ

၃၃။ ဤဥပဒေနှင့်အညီဖွဲ့စည်းသော မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ် အသင်းနှင့်အသင်းခွဲတို့မှအပ ယင်းအသင်းများ၏ အမည်ကိုလည်းကောင်း၊ အလားတူအမည်ကိုလည်းကောင်း သုံးစွဲ၍ အသင်းအဖွဲ့များကို ဖွဲ့စည်းခြင်းမပြုရ။

၃၄။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အသင်းနှင့် အသင်းခွဲအသီးသီးသည် ကိုယ်ပိုင်အမည်၊ တံဆိပ်တို့ဖြင့်ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံ ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆို နိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့်ရှိစေရမည်။

၃၅။ အသင်းသားတို့လိုက်နာရမည့် စည်းကမ်းများနှင့်ကျင့်ဝတ်များသည်လည်းကောင်း၊ စည်းကမ်းနှင့် ကျင့်ဝတ်ဖောက်ဖျက်သူအသင်းသားများအား စုံစမ်းအရေးယူခြင်းဆိုင်ရာ ကိစ္စများသည်လည်းကောင်း၊ ဗဟို ကောင်စီက သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

၃၆။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သောကိစ္စအတွက် ဗဟိုကောင်စီဝင်များကိုလည်းကောင်း၊ မြို့နယ်အသင်းနှင့်အသင်းခွဲတို့၏ အမှုဆောင်အဖွဲ့ဝင်များကိုလည်းကောင်း တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ တရားစွဲဆိုခြင်းမပြုရ။

၃၇။ အသင်းသားများဖြင့် ရွေးချယ်ဖွဲ့စည်းပြီးကြောင်းတင်ပြထားသည့် မြို့နယ်အသင်းနှင့်အသင်းခွဲတို့သည် ဤဥပဒေအရ ဖွဲ့စည်းသည့် မြို့နယ်အသင်းနှင့် အသင်းခွဲများဖြစ်သည်ဟု ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့တွင် မှတ်ယူရမည်။

၃၈။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ (၁၉၉၀ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၁။) အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံး နိုင်သည်။

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၀။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ (၁၉၉၀ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၁။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၈)**

၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)

**အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၈) ဖြင့်ဖွဲ့စည်းခဲ့သော **"အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ"** တွင် အဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့် ငွေကြေး ဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် **အစား** အဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေး ဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဥက္ကဋ္ဌ
အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## (၁၇) ကြိမ်မြောက်အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံကျင်းပရေးဦးစီးကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၈**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

**စည်းရုံးလှုံ့ဆော်ရေးနှင့်သတင်းပြန်ကြားရေး ဆပ်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ၂၀၁၈ ခုနှစ်၊ မေလအတွင်း နေပြည်တော်၌ ကျင်းပမည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ နိုင်ငံများမှ စာကြည့်တိုက်မှူးများ ကွန်ဂရက် (17th Congress of Southeast Asian Librarians - CONSAL XVII) နှင့် တစ်ဆက်တစ်စပ်တည်း အစည်းအဝေးများဖြစ်သော တတိယအကြိမ် အမှုဆောင် အဖွဲ့ အစည်းအဝေးနှင့် (၂၆) ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသ အမျိုးသားစာကြည့်တိုက်များ၏ ညွှန်ကြားရေးမှူးများ ကွန်ဖရင့်တို့ အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် **"(၁၇) ကြိမ်မြောက် အရှေ့တောင် အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ"** တို့ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၁၇) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

၂။ (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဆိုပါညီလာခံကျင်းပရေး ဦးစီးကော်မတီမှ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၇)၊ (၁၄/၂၀၁၇) တို့ဖြင့် ဆပ်ကော်မတီများ ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

၃။　အဆိုပါ (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် **စည်းရုံးလှုံ့ဆော်ရေးနှင့် သတင်းပြန်ကြားရေး ဆပ်ကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ဦးမျိုးမြင့်မောင်<br>အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးကိုကိုနိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးလှိုင်ဝင်းမောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးမျိုးမြင့်အောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | အဖွဲ့ဝင် |
| (င) | ဦးအေးကြွယ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးသက်ဆွေ<br>အထွေထွေမန်နေဂျာ<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဆ) | ဦးကျော်ဆင့်<br>ညွှန်ကြားရေးမှူး (ပြန်/ဆက်)<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်သန်းထွဋ်<br>အဖွဲ့ဝင်<br>မြန်မာနိုင်ငံစာကြည့်တိုက်အသင်း | အဖွဲ့ဝင် |
| (ဈ) | ဦးကျော်ခိုင်ဝင်း<br>အဖွဲ့ဝင်<br>မြန်မာနိုင်ငံစာကြည့်တိုက်အသင်း | အဖွဲ့ဝင် |
| (ည) | ဦးစိုးမိုး<br>ညွှန်ကြားရေးမှူး (မူဝါဒ)<br>ပြန်ကြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၄။　စည်းရုံးလှုံ့ဆော်ရေးနှင့် သတင်းပြန်ကြားရေး ဆပ်ကော်မတီတို့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည် -

(က)　အထွေထွေညီလာခံနှင့်ပတ်သက်သော ထုတ်ပြန်ချက်များ၊ ကြေညာချက်များ၊ ကြော်ငြာများကို မီဒီယာများမှ အများပြည်သူများသို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(ခ) ညီလာခံနှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များကို ပုံနှိပ်ထုတ်ဝေရေးဆပ်ကော်မတီထံမှရယူ၍ အခမဲ့ဖြန့်ဝေနိုင်ရေးအတွက် အခြားဆပ်ကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) အထွေထွေညီလာခံတွင် ပြည်သူများ ပူးပေါင်းပါဝင်နိုင်ရေးအတွက် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် မီဒီယာများမှ စည်းရုံးလှုံ့ဆော်ရန်၊

(ဃ) ညီလာခံကျင်းပနေစဉ်အတွင်း မှတ်တမ်းတင်ခြင်းနှင့် သတင်းပြန်ကြားရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရန်၊

(င) ညီလာခံမှတ်တမ်းများကို ဖိတ်ကြားထားသော နိုင်ငံတကာမှ ကိုယ်စားလှယ်များထံ အချိန်မီပေးပို့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊

(စ) ဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို လုပ်ငန်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်၊

(ဆ) ဆပ်ကော်မတီမှ သုံးစွဲမည့် အသုံးစရိတ်များအား ဘဏ္ဍာရေးဆပ်ကော်မတီထံသို့ အချိန်မီ တင်ပြသွားရန်။

သူရဦးအောင်ကို
[အတွင်းရေးမှူး၊ (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံကျင်းပနိုင်ရေးဦးစီးကော်မတီ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၁၀၉၅/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ဥဿာမြို့သစ် (၂) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၁၃၀ᶜ ရှိ **မြေဧရိယာ ၀. ၀၆၀ ဧက** အား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ **ပဲခူးတိုင်းဒေသကြီး ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန** ရုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန** မှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၉၆/၂၀၁၇)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ဥဿာမြို့သစ် (၂) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၁၃၀ᵏ ရှိ **မြေဧရိယာ ၀. ၀၆၀ ဧက** အား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ **ပဲခူးတိုင်းဒေသကြီး ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန** ရုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန** မှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၉၇/၂၀၁၇)

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ နတ်မောက်မြို့၊ အောင်ဆန်းရပ်ကွက်၊ အကွက်အမှတ်/အမည်၊ ၂၂/အောင်ဆန်းအရှေ့၊ ဦးပိုင်အမှတ် (၃)၊ မြေကွက်အမှတ် (၆) မှ မြေဧရိယာ ၀. ၁၄၄ ဧကအား ပြည်တွင်းအခွန်များဦးစီးဌာန၊ **"နတ်မောက်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၉၈/၂၀၁၇)

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဒီးမော့ဆိုမြို့နယ်၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်/အမည်၊ ၃၁/သီတာ - ၃၊ ဦးပိုင်အမှတ် (၁၇ᵍᵍ) မှ မြေဧရိယာ ၀. ၁၂၈ ဧကအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ **"ဒီးမော့ဆိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန"** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၁၁၁/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အောင်လံမြို့နယ်၊ အင်းကုန်းကျေးရွာအုပ်စု၊ အကွက်အမှတ်/အမည်၊ ၉၀/ရုံးဆိပ်၊ ဦးပိုင်အမှတ် (-) မှ မြေဧရိယာ ၂၃. ၇၉ ဧကအား အမှတ် (၉၆၇) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲ **"မီးခံအုတ်စက် (အောင်လံ) (ယခင်) အမှတ် (၅) သကြားစက် (ရုံးဆိပ်)"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၃ အရ ကာကွယ်ရေးဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၁၁၂/၂၀၁၇)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၀၀ A ၊ မြေကွက်အမှတ် - ၇၉ ရှိ **မြေဧရိယာ ၀. ၁၃၇ ဧက** အား **ကုန်းလမ်းပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (အင်းစိန်)** ရုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန** မှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၁၅/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ရုံးမှ (စ/၁၆၃၁) ဒုတိယညွှန်ကြားရေးမှူး ဦးအေးသောင်း အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ မှစ၍ လက်ရှိရာထူးအဆင့် (ဒုတိယညွှန်ကြားရေးမှူး) တွင် အတည်ပြုခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာ (၁၁၁၆/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့၊ စံပြရပ်ကွက်၊ ကွင်းအမှတ်/အမည်-၃၆၈/တော်ပုလဲ့ကွင်း၊ ဦးပိုင်အမှတ် (၄၀၊ ၄၁၊ ၄၂/၁)၊ မြေဧရိယာ ၁၉. ၉၆ ဧကနှင့် ကွင်းအမှတ်/အမည်-၃၆၇ B/သုံးခွကွင်း၊ ဦးပိုင်အမှတ် (၅၆)၊ မြေဧရိယာ ၁. ၆၂ ဧက၊ **စုစုပေါင်းမြေဧရိယာ ၂၁. ၅၈ ဧက** ကို **စက်မှုလုပ်ငန်းသုံးမြေနေရာ** အဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၂,၂၅၆,၀၅၉/-)** နှုန်းဖြင့် **ဦးချစ်ခိုင် (ဥက္ကဋ္ဌ)၊ ကဠနကျွန်းသာကုမ္ပဏီလီမိတက်** အမည်ဖြင့် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၂၃/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

အကျဉ်းဦးစီးဌာန၊ စီမံကိန်းလုပ်ငန်းဌာနမှ က ၃၅၇၁ ညွှန်ကြားရေးမှူး ကျော်စိုး အား အစမ်းခန့်ကာလ (၁) နှစ် (၆) လ ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ညွှန်ကြားရေးမှူး) တွင် အတည်ပြုခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာ (၁၁၂၄/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ အကွက်အမှတ်/အမည်-၇/၄/ဥဿာမြို့သစ်၊ မြေကွက်အမှတ် - ၉၈၄$^{D}$၊ ၉၈၅$^{E}$ တို့ရှိ **မြေဧရိယာ ၀. ၃၆၇ ဧက** အား သာသနာရေးဦးစီးဌာန၊ **ပဲခူးတိုင်းဒေသကြီးသာသနာရေးဦးစီးဌာန** ရုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန** မှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၁၁၂၅/၂၀၁၇)**

ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနက ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးရန်အတွက် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ဈေး (၁) ရပ်ကွက်ရှိ ကွင်းအမှတ်/အမည် - ၃၆/ဈေးရပ်ကွင်း၊ မြေအမျိုးအစား - မြို့မြေ၊ ဦးပိုင်အမှတ် (၃၄၀$^{က}$) ရှိ **မူလရှိမြေဧရိယာ ၁၇. ၆၂၅ ဧက** အနက် **မြေဧရိယာ ၁. ၁၁၂ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်

စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်စွဲပါ စာအမှတ်၊ ၁၀၇၆/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၇ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၁၁၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၁၂၆/၂၀၁၇)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းက ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်တွင် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ ထောင်မှူးကျေးရွာအုပ်စုရှိ ကွင်းအမှတ်/အမည် - ၅၁၄/ကျီတီကွင်း၊ ဦးပိုင်အမှတ် (-) ရှိ **မူလရှိမြေဧရိယာ ၄၇၅. ၄၈ ဧက** အနက် **မြေဧရိယာ ၈. ၅၆ ဧက** ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်စွဲပါ စာအမှတ်၊ ၁၀၇၇/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၇ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၈. ၅၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၂၇/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှ ကွပ်ကဲရေးမှူး ရဲ ၁၇၀၇ ယာယီရဲမှူးချုပ် သူရစန်းလွင် အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၃၃/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

### နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များမှ ဖွင့်ရန်ကျန် ရဲစခန်းများအား ခုနှိမ်ဖွင့်လှစ်ခွင့်ပြုခြင်း

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၇) မှ သဘောတူခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များတွင် ဖွင့်ရန်ကျန်ရှိနေသည့် ရဲစခန်း ၁၂၅ ခုအနက်မှ နယ်မြေရဲစခန်း ၂ ခု၊ ရဲကင်းစခန်း ၂ ခု၊ စုစုပေါင်းရဲစခန်း ၄ ခုတို့အား အောက်ပါအတိုင်း ခုနှိမ်ပြောင်းရွှေ့ဖွင့်လှစ်ခွင့်ပြုလိုက်သည် -

(၁) **နယ်မြေရဲစခန်း**

| | | |
|---|---|---|
| (က) ရှမ်းပြည်နယ်၊ ဟိုပန်ခရိုင် ဟိုပန်မြို့နယ်၊ နမ့်တစ်နယ်မြေရဲစခန်း | **မှ** | ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင် ဖျာပုံမြို့နယ်၊ ဒေါ်ညိမ်းနယ်မြေရဲစခန်း |

| | | |
|---|---|---|
| (ခ) ရှမ်းပြည်နယ်၊ မူဆယ်ခရိုင် မူဆယ်မြို့နယ်၊ ဖောင်းဆိုင်နယ်မြေရဲစခန်း | **မှ** | ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ မောင်တောမြို့နယ်၊ ခမောင်းဆိပ်နယ်မြေရဲစခန်း |

(၂) **ရဲကင်းစခန်း**

| | | |
|---|---|---|
| (က) ကချင်ပြည်နယ်၊ ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်၊ ဖီဇော်ရဲကင်းစခန်း | **မှ** | ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ သပြေချောင်းရဲကင်းစခန်း |
| (ခ) ချင်းပြည်နယ်၊ ဖလမ်းခရိုင် တီးတိန်မြို့နယ်၊ မွာလ်ဘင်းရဲကင်းစခန်း | **မှ** | ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ တီးတိန်မြို့နယ်၊ တွီးထန်ရဲကင်းစခန်း |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၃၄/၂၀၁၇)

### ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ မောင်တောမြို့နယ်၊ မြင်းလွတ်မြို့၊ မြင်းလွတ်ရဲကင်းစခန်းအား နယ်မြေရဲစခန်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခြင်း

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၇) မှ သဘောတူခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ မောင်တောမြို့နယ်၊ မြင်းလွတ်မြို့၊ မြင်းလွတ်ရဲကင်းစခန်းအား လက်ရှိအမှုထမ်းရာထူး (၁၈) နေရာဖြင့် ဖွဲ့စည်းထားရှိရာမှ အမှုထမ်းရာထူး (၂၇) နေရာထပ်မံတိုးချဲ့၍ အမှုထမ်းရာထူး (၄၅) နေရာပါဝင်သော နယ်မြေရဲစခန်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၃၅/၂၀၁၇)

### ရှမ်းပြည်နယ်၊ မိုင်းဖြတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးဖွဲ့စည်းပုံအား ခုနှိမ်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်ရဲတပ်ဖွဲ့မှူးရုံးအဖြစ် ပြောင်းရွှေ့ဖွဲ့စည်းခွင့်ပြုခြင်း

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၇) မှ သဘောတူခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရှမ်းပြည်နယ်၊ မိုင်းဖြတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဖွဲ့စည်းပုံအား ခုနှိမ်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်ရဲတပ်ဖွဲ့မှူးရုံးအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်ခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၁၄၂/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်
(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၃၈၈) ခြေမြန်တပ်ရင်းက မူလပိုင်ရှင်ထံသို့ပေးအပ်ရန်အတွက် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြန်လည်အပ်နှံလာသည့် ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့၊ မြဇေယျာရပ်ကွက်၊ မြို့သစ်ကလေးကျေးရွာအုပ်စုနှင့် နန့်ရင်းကျေးရွာတို့ရှိ အောက်ဖော်ပြပါ **စုစုပေါင်းမြေဧရိယာ ၁၂၂. ၅၁ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စု

သမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

| စဉ် | မြို့နယ် | ရပ်ကွက်/ ကျေးရွာအုပ်စု အမည် | ကွင်းအမှတ်/ အမည် | ဦးပိုင်အမှတ် | မြေဧရိယာ | အပ်နှံသည့်တပ် |
|---|---|---|---|---|---|---|
| ၁ | မိုးညှင်း | မြဖေယျာ ရပ်ကွက် | ၁၉၇/သိုက်ဝါး ချောင်း N | ၅/က၊ ၅/ခ၊ ၆/၁၊ ၆/၃၊ ၁၈၊၂၈၊ N၁၀ | ၃၉. ၁၂ | ခမရ (၃၈၈) |
| ၂ | မိုးညှင်း | မြဖေယျာ ရပ်ကွက် | ၁၉၈/မိုင်တဲ | ၂/၁၅/၁၊ ၅/၃၊ ၆၊ ၃၂၊ ၃၆၊ ၃၉ | ၃၂. ၂၈ | ခမရ (၃၈၈) |
| ၃ | မိုးညှင်း | မြဖေယျာ ရပ်ကွက် | ၁၉၇/သိုက်ဝါး ချောင်း N | ၉/၁ | ၈. ၉၇ | ခမရ (၃၈၈) |
| ၄ | မိုးညှင်း | မြဖေယျာ ရပ်ကွက် | ၁၉၇/သိုက်ဝါး ချောင်း N | ၁၅၊ N၁၃ | ၂၅. ၆၄ | ခမရ (၃၈၈) |
| ၅ | မိုးညှင်း | မြို့သစ် ကလေး ကျေးရွာ အုပ်စု | ၂၄၁-က/ တောင်ကူး | ၈ | ၅. ၇၇ | ခမရ (၃၈၈) |
| ၆ | မိုးညှင်း | နန့်ရင်း ကျေးရွာ | ၁၉၆/သိုက်ဝါး ချောင်းတောင် | ၂၉ | ၉. ၇၃ | ခမရ (၃၈၈) |
| **စုစုပေါင်းမြေဧရိယာ** | | | | | **၁၂၁. ၅၁** | |

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၃၈၈) ခြေမြန်တပ်ရင်းမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **စုစုပေါင်းမြေဧရိယာ ၁၂၁. ၅၁ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၄၆/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကွမ်းခြံကုန်းမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲ ၂၆၂၈ ရဲမှူး သိန်းဝင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၄၇/၂၀၁၇)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၁) ရဲလေ့ကျင့်ရေးကျောင်းမှ အုပ်ချုပ်မှုဌာနခွဲမှူး ရဲ ၂၆၀၀ ရဲမှူး ကျော်ဝင်းချစ် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့အထိ ခံစားခွင့်ပြုပြီး

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၄၉/၂၀၁၇)

အကျဉ်းဦးစီးဌာန၊ ကုန်ထုတ်လုပ်ငန်းဌာနမှ က ၃၀၈၁ ဦးစီးအရာရှိ သန်းတင့် အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၁၅၃/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ပျူဟာအဖွဲ့ (အခြေချ) ကော့သောင်းက မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ကော့သောင်း) သို့ လွှဲပြောင်းပေးရန်အတွက် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ကွင်းအမှတ်/အမည်-၄၆/အေးရိပ်ငြိမ်ကွင်း၊ ဦးပိုင်အမှတ် -၄၀၊ ၄၁၊ ၄၂ တို့ရှိ **မြေဧရိယာ ၄. ၅၇၉ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှု အပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်စွဲပါ စာအမှတ်၊ ၁၁၈၉/၁-ကော်မတီ/ မြေ (ဗဟို)/၂၀၁၇ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ပျူဟာအဖွဲ့ (အခြေချ) ကော့သောင်းမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ မြေဧရိယာ **၄. ၅၇၉ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၁၅၄/၂၀၁၇)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၅၂၁) ခြေမြန်တပ်ရင်းက အသုံးပြုရန်မရှိသဖြင့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်တွင် ပြန်လည်အပ်နှံလာသည့် ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ လုံးစန့်ကျေးရွာအုပ်စုရှိ အောက်ဖော်ပြပါ **စုစုပေါင်းမြေဧရိယာ ၈၂၉. ၆၅ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

| စဉ် | မြို့နယ် | ရပ်ကွက်/ ကျေးရွာအုပ်စု အမည် | ကွင်းအမှတ်/ အမည် | ဦးပိုင်အမှတ် | မြေဧရိယာ | အပ်နှံသည့် တပ် |
|---|---|---|---|---|---|---|
| ၁ | မိုးညှင်း | လုံးစန့်ကျေးရွာ အုပ်စု | OSS/နန့် ပလန်းကွင်း | ၃၄ | ၁၉. ၆၅ | ခမရ (၅၂၁) |
| ၂ | မိုးညှင်း | လုံးစန့်ကျေးရွာ အုပ်စု | OSS/နန့် ပလန်းကွင်း | ၃၄ | ၈၁၀. ၀၀ | ခမရ (၅၂၁) |
| **စုစုပေါင်းမြေဧရိယာ** | | | | | **၈၂၉. ၆၅** | |

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၅၂၁) ခြေမြန်တပ်ရင်းမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **စုစုပေါင်းမြေဧရိယာ ၈၂၉. ၆၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၁၅၅/၂၀၁၇)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၇) စစ်မြေပြင်ဆေးတပ်ရင်းနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် (စခန်းရုံး) မှ မူလပိုင်ရှင်ထံသို့ ပေးအပ်ရန်နှင့် အသုံးပြုရန်မရှိခြင်းတို့ကြောင့် ၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်နှင့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်တို့တွင် ပြန်လည်အပ်နှံလာသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ ပဲခင်းမကျေးရွာအုပ်စု၊ စည်ပင်ကျေးရွာနှင့် ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ ကင်းကျေးရွာအုပ်စုတို့ရှိ အောက်ဖော်ပြပါ **စုစုပေါင်းမြေဧရိယာ ၇၅၄. ၅၆ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

| စဉ် | မြို့နယ် | ကျေးရွာအုပ်စု အမည် | ကွင်းအမှတ်/ အမည် | ဦးပိုင်အမှတ် | မြေဧရိယာ | အပ်နှံသည့် တပ် |
|---|---|---|---|---|---|---|
| ၁ | ပုလဲ | ပဲခင်းမ ကျေးရွာအုပ်စု | ၁၄၈၁၊ ၁၄၇၂၊ ၁၄၇၉-က၊ ၁၄၈၀-ခ | - | ၇၂၀. ၅၁ | အမှတ် (၇) စစ်မြေပြင် ဆေးတပ်ရင်း |
| ၂ | ကနီ | ကင်း ကျေးရွာအုပ်စု | ၁၃၂၄/ရေသာ | - | ၃၃. ၀၅ | နမခ (စခန်းရုံး) |
| **စုစုပေါင်းမြေဧရိယာ** | | | | | **၇၅၄. ၅၆** | |

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၇) စစ်မြေပြင်ဆေးတပ်ရင်းနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် (စခန်းရုံး) တို့မှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **စုစုပေါင်းမြေဧရိယာ ၇၅၄. ၅၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၁၅၆/၂၀၁၇)

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်တွင် အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံလာသည့် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်၊ မြို့လှမြို့၊ အမတ်ကြီးကုန်းကျေးရွာအုပ်စုနှင့် မြို့ကုန်းကျေးရွာအုပ်စုတို့ရှိ အောက်ဖော်ပြပါ **စုစုပေါင်းမြေဧရိယာ ၂၂၆. ၀၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

| စဉ် | မြို့နယ် | ကျေးရွာ/ ကျေးရွာအုပ်စု အမည် | ကွင်းအမှတ်/ အမည် | ဦးပိုင်အမှတ် | မြေဧရိယာ | ပြန်လည်အပ်နှံသည့် ဌာန |
|---|---|---|---|---|---|---|
| ၁ | ရွှေကူ | အမတ်ကြီးကုန်း ကျေးရွာအုပ်စု | OSS/- | ၁၅၂ | ၅၀. ၀၀ | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန |
| ၂ | ရွှေကူ | အမတ်ကြီးကုန်း ကျေးရွာအုပ်စု | OSS/- | ၁၉၁ | ၁၀၀. ၀၀ | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန |
| ၃ | ရွှေကူ | မြို့ကုန်းကျေးရွာ အုပ်စု | OSS/မြို့ကုန်းကွင်း | N-8 | ၇၆. ၀၀ | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန |
| **စုစုပေါင်း** | | | | | **၂၂၆. ၀၀** | |

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **စုစုပေါင်းမြေဧရိယာ ၂၂၆. ၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၅၇/၂၀၁၇)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီဒုတိယရဲမှူးကြီး (၃) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဒုတိယရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) ရဲ ၂၂၅၂ ယာယီဒုတိယရဲမှူးကြီး နေဝင်း
လူငယ်ပြုစုပျိုးထောင်ရေးစခန်း (ရွှေပြည်အေး)
တပ်ဖွဲ့မှူးရုံးတွဲ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(ခ) ရဲ ၂၂၄၄ ယာယီဒုတိယရဲမှူးကြီး ဇော်မင်းဦး
လူငယ်ပြုစုပျိုးထောင်ရေးစခန်း (ရွှေပြည်သာ)
ဝက်ထီးကန်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(ဂ) ရဲ ၂၂၆၉ ယာယီဒုတိယရဲမှူးကြီး မိုးမိုးထွန်း
တပ်ဖွဲ့ခွဲမှူး (မန္တလေး)
လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၅၈/၂၀၁၇)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူး (၂) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူး) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) ရဲ ၃၆၁၈ ယာယီရဲမှူး မြင့်သိန်း
မြို့နယ်ရဲတပ်ဖွဲ့မှူး
ထန်းတပင်မြို့နယ်ရဲတပ်ဖွဲ့

(ခ) ရဲ ၃၅၄၅ ယာယီရဲမှူး ညွန့်လွင်ဦး
မြို့နယ်ရဲတပ်ဖွဲ့မှူး
လမ်းမတော်မြို့နယ်ရဲတပ်ဖွဲ့

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၆၀/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ (က) အရ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာ အငြင်းပွားမှုများဖြေရှင်းရန် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၃၀/၂၀၁၇) ဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့၏အဖွဲ့ဝင် ဦးမြင့်ဆွေ **အစား** ဦးအောင်ဇော်ဦး ဖြင့် အောက်ပါအတိုင်း အစားထိုးပြောင်းလဲ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| **စဉ်** | **အမည်၊ ရာထူး၊ ဌာန** | **တာဝန်** |
|---|---|---|
| (က) | ဦးမိုးဟိန်း<br>မြို့နယ်ဥပဒေအရာရှိ (ငြိမ်း) | ဥက္ကဋ္ဌ |
| (ခ) | ဦးသိန်းထွေး<br>အမှုဆောင်ဒါရိုက်တာ<br>ရွှေပြည်တော်ဟိုတယ်၊ သိန်းကုမ္ပဏီ | အဖွဲ့ဝင် |
| (ဂ) | ဦးအေးကြွယ်<br>မန်နေဂျာ<br>KTM သောက်ရေသန့် | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်မျိုးထွန်း<br>ပိုင်ရှင်<br>မြင့်မြတ်သောက်ရေသန့် | အဖွဲ့ဝင် |
| (င) | ဒေါ်မြမြမွန်<br>Supervisor<br>ရွှေသပြေပရိဘောဂလုပ်ငန်း | အဖွဲ့ဝင် |
| (စ) | ဒေါ်စန္ဒာအောင်<br>အလုပ်ရုံစိတ်မှူး<br>ပျဉ်းမနားသကြားစက် | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဆ) | ဒေါ်မြတ်သက်နွယ်<br>Supervisor<br>Mapco Limited | အဖွဲ့ဝင် |
| (ဇ) | ဦးဟိန်းဇော်<br>ညွှန်ကြားရေးမှူး<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးအောင်ဇော်ဦး<br>လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်အေး<br>ဒုတိယဌာနမှူး (ငြိမ်း)<br>လူမှုဖူလုံရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဋ) | ဒေါ်ခင်စောသီ<br>ဒုတိယညွှန်ကြားရေးမှူး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၄/၂၀၁၇)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ ဧရာဝတီတိုင်းဒေသကြီး၊ ရွှေသောင်ယံမြို့နယ်၊ ချောင်းသာမြို့ရှိ ကမ္ဘောဇဘဏ်လီမိတက် (ချောင်းသာဘဏ်ခွဲ) အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ ဧရာဝတီတိုင်းဒေသကြီး၊ ရွှေသောင်ယံမြို့နယ်၊ ချောင်းသာမြို့ရှိ ကမ္ဘောဇဘဏ်လီမိတက် (ချောင်းသာဘဏ်ခွဲ) အား ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၅/၂၀၁၇)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ ရှမ်းပြည်နယ်၊ နမ့်စန်မြို့ရှိ ကမ္ဘောဇဘဏ်လီမိတက် (နမ့်စန်ဘဏ်ခွဲ) အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ ရှမ်းပြည်နယ်၊ နမ့်စန်မြို့ရှိ ကမ္ဘောဇဘဏ်လီမိတက် (နမ့်စန်ဘဏ်ခွဲ) အား ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၆/၂၀၁၇)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ ရှမ်းပြည်နယ်၊ လွိုင်လင်မြို့ရှိ ကမ္ဘောဇဘဏ်လီမိတက် (လွိုင်လင်ဘဏ်ခွဲ) အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍

လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ ရှမ်းပြည်နယ်၊ လွိုင်လင်မြို့ရှိ ကမ္ဘောဇဘဏ်လီမိတက် (လွိုင်လင်ဘဏ်ခွဲ) အား ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၇/၂၀၁၇)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ ကရင်ပြည်နယ်၊ မြဝတီမြို့ရှိ ရိုးမဘဏ်လီမိတက် (မြဝတီဘဏ်ခွဲ) အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ ကရင်ပြည်နယ်၊ မြဝတီမြို့ရှိ ရိုးမဘဏ်လီမိတက် (မြဝတီဘဏ်ခွဲ) အား ကရင်ပြည်နယ်၊ ဘားအံမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၈/၂၀၁၇)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ ရှမ်းပြည်နယ်၊ ခိုလမ်မြို့ရှိ အင်းဝဘဏ်လီမိတက် (ခိုလမ်ဘဏ်ခွဲ) အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ ရှမ်းပြည်နယ်၊ ခိုလမ်မြို့ရှိ အင်းဝဘဏ်လီမိတက် (ခိုလမ်ဘဏ်ခွဲ) အား ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၉/၂၀၁၇)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ ကချင်ပြည်နယ်၊ မိုးညှင်းမြို့ရှိ ဥရောပအာရှကော်မာရှယ်ကုမ္ပဏီလီမိတက်အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ ကချင်ပြည်နယ်၊ မိုးညှင်းမြို့ရှိ ဥရောပအာရှကော်မာရှယ်ကုမ္ပဏီ လီမိတက်အား ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၄၀/၂၀၁၇)

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

### အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုရန်ကြေညာခြင်း

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေ ပုဒ်မ ၅ အရ အလုပ်ရှင်သည် အလုပ်သမားအား အလုပ်တစ်ခုခုကို လုပ်ကိုင်ရန် ခန့်အပ်ပြီးပါက ရက်ပေါင်း (၃၀) အတွင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုရမည်ဖြစ်၍ ဝန်ကြီးဌာနက ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ကြေညာချက်အမှတ် (၁/၂၀၁၅) ဖြင့် အလုပ်သမား (၅) ဦးနှင့်အထက်ရှိ

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ ကုမ္ပဏီနှင့် လုပ်ငန်းများသည် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ် ချုပ်ဆိုရန် စာချုပ်ပုံစံ သတ်မှတ်ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ထိုသို့ထုတ်ပြန်ခဲ့သည့်စာချုပ်အား စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ ကုမ္ပဏီများ၊ လုပ်ငန်းများရှိ အချို့သော အလုပ်ရှင်၊ အလုပ်သမားများက စာချုပ် ချုပ်ဆိုရန် အခက်အခဲများရှိသဖြင့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ နှစ်ဖက်ညှိနှိုင်းပြီး စာချုပ်မူကြမ်းရေးဆွဲ၍ အတည်ပြု ပေးရန် တင်ပြခဲ့ရာ ဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များနှင့်ဆွေးနွေးခဲ့ပြီး စာချုပ်မူကြမ်းအပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထား မှတ်ချက်နှင့်အညီ စိစစ်အတည်ပြုပေးခဲ့ပါသည်။

၃။ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အလုပ်သမား (၅) ဦးနှင့်အထက်ရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ ကုမ္ပဏီများ၊ လုပ်ငန်းများနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၌ ယာယီခန့်ထားသည့် နေ့စားအလုပ်သမားနှင့် ပုတ်ပြတ်အလုပ်သမားများ တစ်ဦးချင်း ချုပ်ဆိုရမည်ဖြစ်ပြီး အလုပ်ရှင်နှင့်အလုပ်သမား နှစ်ဖက်လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက သက်ဆိုင်ရာမြို့နယ် သို့မဟုတ် ခရိုင်ရှိ အလုပ်အကိုင်နှင့်အလုပ်သမား ရှာဖွေရေးရုံးသို့ အတည်ပြုချက်ရယူရန် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၄၁ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အလုပ်ရှင်၊ အလုပ်သမားညှိနှိုင်းအတည်ပြုထားသည့် အောက်ဖော်ပြပါ စာချုပ်ပုံစံပါအတိုင်း ချုပ်ဆိုကြရန် ထုတ်ပြန် လိုက်သည် -

**အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်**

**စာချုပ်အမှတ်၊** ______________________

မြန်မာနိုင်ငံ၊ ______________________ တိုင်းဒေသကြီး/ပြည်နယ်၊ ____________ မြို့နယ်၊ __________ မြို့၊ ____________ ရပ်ကွက်၊ ________________ လမ်း၊ အမှတ် ( ) တွင် နေထိုင်သော အလုပ်ရှင်အမည် ______________________________၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံကူးလက်မှတ်အမှတ် ________________________ (နောင်တွင် "အလုပ်ရှင်" ဟုခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်တွင် အခြားနည်းဖြင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အကျိုးတူဖက်စပ်လုပ်ငန်းလုပ်ကိုင်သူနှင့် ပုဂ္ဂလိကလုပ်ငန်းဖြစ်ပါက အလုပ်ရှင်သေဆုံးသည့်အခါ လုပ်ငန်းဆက်ခံသူ သို့မဟုတ် တရားဝင်ကိုယ်စားလှယ်တို့ အားလုံး ပါဝင်သည်ဟုမှတ်ယူမည်၊) ကတစ်ဖက်

**နှင့်**

အလုပ်သမားအမည် ______________________၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံကူးလက်မှတ်အမှတ်______________________ (နောင်တွင် "အလုပ်သမား" "ဝန်ထမ်း" ဟု ခေါ်ဆိုမည် ဖြစ်ပြီး ယင်းစကားရပ်တွင် လုပ်ခရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သင်များ၊ ပညာသင်များလည်းပါဝင်သည်။ အလုပ်ရှင်နှင့်အတူနေပြီး အလုပ်ရှင်အပေါ်တွင်မှီခိုနေသော အလုပ်ရှင်၏ မိသားစုကို ပါဝင်သည်ဟုမသတ်မှတ်ရ) တို့သည် ___________ ခုနှစ်၊ ______________ လ၊ _________ ရက်နေ့၊ ____________________ နေရာတွင် အောက်ဖော်ပြပါအတိုင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ကို နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည် -

၁။ **အလုပ်အကိုင်အမျိုးအစား**

(က) လုပ်ငန်းအမျိုးအမည် ______________________

(ခ) လုပ်ငန်းတည်နေရာ ______________________

(ဂ) ရာထူး၊ အဆင့် ______________________

(ဃ) ဌာန ______________________

(င) တာဝန်အကျဉ်းချုပ် ______________________

**Summary of Job Description ကို နောက်ဆက်တွဲဖြင့်လည်းဖော်ပြနိုင်သည်။**

၂။ **အစမ်းခန့်ကာလ (သို့မဟုတ်) အလုပ်စတင်ဝင်ရောက်သည့်ရက်စွဲ**

(က) စတင်ခန့်အပ်သည့် ________________ ရက်နေ့မှစ၍ (၃) လပြည့်သည့်နေ့ ______________ ရက်နေ့အထိ အစမ်းခန့်ကာလဖြစ်သည်။

(ခ) အလုပ်စတင်ဝင်ရောက်သည့်နေ့ရက် _________ ခုနှစ်၊ ________________ လ၊ _______ ရက် ဖြစ်သည်။

မှတ်ချက် ။ အလုပ်ရှင်မှအစမ်းခန့်ကာလ မလိုအပ်ဟု ယူဆပါက အတည်ပြု (အမြဲတမ်း) ဝန်ထမ်းအဖြစ် တိုက်ရိုက်ခန့်အပ်နိုင်သည်။

၃။ **လုပ်ခ၊ လစာ**

(က) နေ့စား (ကျပ်/နိုင်ငံခြားငွေ) ______________________________________

(ခ) ပုတ်ပြတ် (ကျပ်/နိုင်ငံခြားငွေ) ______________________________________

(ဂ) လစား (ကျပ်/နိုင်ငံခြားငွေ) ______________________________________

(ဃ) လုပ်ခလစာကို အလုပ်ရှင်နှင့်အလုပ်သမား ကနဦးသဘောတူသတ်မှတ်ထားသည့်လစာနှင့်အညီ ပေးချေသတ်မှတ်နိုင်သည်။ ယင်းအပြင် အလုပ်သမား၏လုပ်ရည်ကိုင်ရည်ပေါ်တွင် အခါအားလျော်စွာ အလုပ်ရှင်နှင့်အလုပ်သမားတို့မှ နှစ်ဦးသဘောတူပြောင်းလဲသတ်မှတ်နိုင်သည်။ (ထိုသို့ သတ်မှတ်ရာတွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်များနှင့်မဆန့်ကျင်စေရ။)

(င) လုပ်ခ၊ လစာပေးရေးနှင့်ပတ်သက်၍ တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ အလုပ်ရှင်နှင့် အလုပ်သမားတို့က လိုက်နာလုပ်ဆောင်ရမည်။

၄။ **အလုပ်အကိုင်တည်နေရာ**

မြန်မာနိုင်ငံ၊ ________________ တိုင်းဒေသကြီး/ပြည်နယ်၊ ________________ မြို့နယ်၊ ________________ (ရပ်ကွက်/ကျေးရွာ/စက်မှုဇုန်)၊ ________________ လမ်း၊ အမှတ် (      )။

၅။ **စာချုပ်သက်တမ်း**

(က) ဤသဘောတူစာချုပ်သက်တမ်းမှာ ( - - ) ရက်နေ့မှ ( - - ) ရက်နေ့အထိ (    ) နှစ်၊ (    ) လ၊ (    ) ရက်ဖြစ်သည်။

(ခ) အလုပ်သမားများဘက်မှ စာချုပ်ပါအချက်များကို ဖောက်ဖျက်ခြင်းမရှိပါက ဤသဘောတူစာချုပ် သက်တမ်းကာလတိုးပေးနိုင်သည်။ သို့ရာတွင် အလုပ်ရှင်သည် စာချုပ်သက်တမ်းကာလ တိုးပေးခြင်းကို အကြောင်းမဲ့ငြင်းပယ်ခြင်းမပြုရ။

(ဂ) အမြဲတမ်းဝန်ထမ်း သို့မဟုတ် အမြဲတမ်းအလုပ်သမားအဖြစ် ခန့်အပ်ထားပြီးပါက စာချုပ်သက်တမ်းကို အလုပ်ရှင်၊ အလုပ်သမားညှိနှိုင်း၍ သတ်မှတ်ကာလထက်တိုး၍ ဆောင်ရွက်နိုင်သည်။

(ဃ) အလုပ်သမား၏ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ ကုမ္ပဏီ၊ လုပ်ငန်းတွင် အလုပ်စတင်ဝင်ရောက်သည့် နေ့မှစ၍ တစ်ဆက်တည်းဖြစ်သောလုပ်သက်များကို အလုပ်ရှင်မှ ရေတွက်ပေးရမည်။

၆။ **အလုပ်ချိန်**

ပုံမှန်အလုပ်ချိန်ကို အောက်ပါအတိုင်းသတ်မှတ်ပါသည် -

(က) အလုပ်ချိန် ________________ နာရီတိတိမှ ________________ နာရီတိတိအထိ

(ခ) အားလပ်ချိန် ________________ နာရီတိတိမှ ________________ နာရီတိတိအထိ

(ဂ) ထမင်းစားချိန် ________________ နာရီတိတိမှ ________________ နာရီတိတိအထိ

**(လုပ်ငန်းသဘာဝအရ အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ တင်ပြခွင့်ပြုချက်ရယူပြီး ပြောင်းလဲလုပ်ကိုင်နိုင်သည်။)**

၇။ **နားရက်၊ အလုပ်ပိတ်ရက်နှင့်ခွင့်ရက်**

(က) **နားရက်။** ရက်သတ္တပတ်တစ်ပတ်လျှင် သာမန်အားဖြင့် တနင်္ဂနွေနေ့ကို နားရက်အဖြစ်လည်းကောင်း၊ လုပ်ငန်းသဘောသဘာဝနှင့် နေရာဒေသ၏ဓလေ့ထုံးစံအရ တစ်ပတ်လျှင်အလုပ်နားရက်တစ်ရက်ကို အလုပ်ရှင်နှင့်အလုပ်သမားတို့၏ သဘောတူညီချက်ဖြင့်လည်းကောင်း သတ်မှတ်နိုင်သည်။ နားရက်တွင် တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ လုပ်ခလစာခံစားခွင့်ရှိသည်။

(ခ) **အလုပ်ပိတ်ရက်**

(၁) ပြည်ထောင်စုအစိုးရက နှစ်စဉ်အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသော အများပြည်သူ အလုပ်ပိတ်ရက်များတွင် လုပ်ခလစာအပြည့်ဖြင့် အနားပေးရမည်။

(၂) အကယ်၍ အများပြည်သူအလုပ်ပိတ်ရက်နှင့် ရက်သတ္တပတ်အလုပ်ပိတ်ရက် တိုက်ဆိုင်နေပါက အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ရမည်။

(ဂ) **ခွင့်ရက်များ။** အလုပ်သမားက ဥပဒေနှင့်အညီ ခွင့်တိုင်ကြားလျှင် အောက်ပါအတိုင်း ခွင့်ခံစားခွင့်ရှိသည် -

(၁) **ရှောင်တခင်ခွင့်။** အလုပ်စတင်ဝင်ရောက်သည့်နေ့ရက်မှ ၁၂ လအတွင်း ရှောင်တခင်ခွင့် ၆ ရက်ကို လုပ်ခလစာအပြည့်ဖြင့် ခံစားခွင့်ရှိသည်။ သက်ဆိုင်ရာနှစ်အတွင်း ခွင့်မယူလျှင် ထိုခွင့်ပျက်ပြယ်သည်။ တစ်ကြိမ်လျှင် ၃ ရက်ထက်ပို၍ ခွင့်ခံစားခွင့်မရှိပါ။ အခြားမည်သည့်ခွင့်နှင့်မျှ ပေါင်းစပ်ခံစားခွင့်မရှိပါ။

(၂) **လုပ်သက်ခွင့်။** လုပ်သက် ၁၂ လ တစ်ဆက်တည်းပြည့်ပြီး လစဉ်အနည်းဆုံး အလုပ်ဆင်းရက် ၂၀ ရက်ရှိပါက အခြေခံလုပ်ခလစာ သို့မဟုတ် မည်သည့်စရိတ်မျှမပါသည့် အခြေခံနေ့တွက်နှုန်းဖြင့် တစ်နှစ်လျှင်တစ်ဆယ်ရက် တစ်ဆက်တည်းခံစားခွင့်ရှိသည်။ သို့ရာတွင် အလုပ်ရှင်၊ အလုပ်သမားသဘောတူညီချက်ဖြင့် လုပ်သက်ခွင့်တစ်ဆယ်ရက်ကို ခွဲ၍ ခံစားခွင့်ပြုနိုင်သည်။ ၂၀ ရက်အပြည့်မလုပ်ခဲ့သော လတိုင်းအတွက် မိမိလုပ်သက်ခွင့်ရက်မှ ခွင့်တစ်ရက်ကျစီ အဖြတ်ခံရမည်။

(၃) **ဆေးခွင့်။** လုပ်သက် (၆) လပြည့်ပြီးသူသည် အခြေခံလစာဖြင့် တစ်နှစ်လျှင် ဆေးခွင့်ရက်ပေါင်း (၃၀) ခံစားခွင့်ရှိသည်။ သို့ရာတွင် အနည်းဆုံးလုပ်သက် (၆) လပြည့်အောင် မလုပ်ခဲ့ရသေးလျှင် ဆေးလက်မှတ်ခွင့်ကို လစာမရှိခွင့်ရက်အဖြစ် ခံစားခွင့်ရှိသည်။ လူမှုဖူလုံရေးဥပဒေအရ အကျုံးဝင်အာမခံအလုပ်သမားဖြစ်ပါက ယင်းဥပဒေပါခံစားခွင့်အတိုင်း ခံစားခွင့်ရှိသည်။

(၄) **မီးဖွားခွင့်။** လုပ်သက် (၆) လပြည့်ပြီးသူသည် အခြေခံလစာဖြင့် မီးမဖွားမီ (၆) ပတ်၊ မီးဖွားပြီး (၈) ပတ်ခံစားခွင့်ရှိသည်။

(၅) အလုပ်သမား၏မိသားစုဝင် သို့မဟုတ် မိဘနာရေးကိစ္စဖြစ်သည့်အခါ အနည်းဆုံးအခကြေးငွေမှ ဖြတ်တောက်ခြင်းမပြုဘဲ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေအရ ခံစားခွင့်ရှိသည်။ အလုပ်သမား၏ ဥပဒေပါခွင့်ခံစားမှု ကုန်ဆုံးချိန်တွင် လစာမဲ့ခွင့်အနေဖြင့် ညှိနှိုင်းခံစားခွင့်ရှိသည်။

၈။ **အချိန်ပိုလုပ်ကိုင်ခြင်း**

လုပ်ငန်းသဘောသဘာဝများအပေါ် မူတည်၍ အလုပ်ရှင်နှင့်အလုပ်သမားသဘောတူညီချက်ဖြင့် ဥပဒေသတ်မှတ်ချက်များနှင့်အညီ အချိန်ပိုလုပ်ကိုင်နိုင်သည်။ အချိန်ပိုလုပ်ခကို သက်ဆိုင်ရာဥပဒေအရ သတ်မှတ်ထားသည့် ပုံသေနည်းအတိုင်း တွက်ချက်ပေးရမည်။

၉။ **အလုပ်ချိန်အတွင်း အစားအသောက်အစီအစဉ်**

ရှိ/မရှိ (ရှိလျှင် ဖော်ပြလိုပါက သီးခြားဖော်ပြနိုင်သည်။)

၁၀။ **နေရာထိုင်ခင်း**

ရှိ မရှိ (ရှိလျှင် ဖော်ပြလိုပါက သီးခြားဖော်ပြနိုင်သည်။)

၁၁။ **ဆေးဝါးကုသခြင်း**

(က) ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အကျုံးမဝင်သော အလုပ်သမားများအား အောက်ပါတို့အတွက် အလုပ်ရှင်၏ကုန်ကျစရိတ်ဖြင့် ဆေးဝါးကုသရန်စီစဉ်ပေးရမည် -

(၁) လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိမှု၊

(၂) လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိမှု၊

(၃) လုပ်ငန်းခွင်အတွင်း ဖျားနာမှု။

(ခ) ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အကျုံးဝင်သော အလုပ်သမားများအတွက် သက်ဆိုင်ရာဥပဒေနှင့်အညီ ဆေးဝါးကုသခွင့်ရှိသည်။

(ဂ) ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အကျုံးမဝင်သော အလုပ်သမားများအတွက် အလုပ်ကိုအကြောင်းပြု၍ ထိခိုက်ဒဏ်ရာရမှုများအတွက် သက်ဆိုင်ရာအလုပ်သမားလျော်ကြေးဥပဒေနှင့်အညီ ဆောင်ရွက်ပေးရမည်။

၁၂။ **အလုပ်ခွင်သို့ ကြို၊ ပို့ယာဉ် စီစဉ်ပေးခြင်းနှင့်ခရီးသွားလာခြင်း**

ရှိ မရှိ (ရှိလျှင် ဖော်ပြလိုပါက သီးခြားဖော်ပြနိုင်သည်။)

၁၃။ **အလုပ်သမားများလိုက်နာရမည့်စည်းကမ်းချက်များ**

အလုပ်သမားများလိုက်နာရမည့်စည်းကမ်းများကို အောက်ပါအတိုင်း အမျိုးအစားခွဲခြားသတ်မှတ်၍ အရေးယူမှုအဆင့်ဆင့် အပါအဝင် နောက်ဆက်တွဲများအဖြစ် ဤစာချုပ်တွင် ထည့်သွင်းချုပ်ဆိုသည် -

(က) နောက်ဆက်တွဲ (က) သာမန်ပြစ်မှုများနှင့်အရေးယူမှု

(ခ) နောက်ဆက်တွဲ (ခ) ကြီးလေးသောပြစ်မှုများနှင့်အရေးယူမှု

**မှတ်ချက်။ စက်မှုဇုန်တွင် ထုတ်ပြန်ထားသောကျင့်ဝတ်များကို နမူနာယူနိုင်ပြီး လုပ်ငန်းသဘောသဘာဝနှင့်ကိုက်ညီစွာ သတ်မှတ်နိုင်သည်။ လုပ်ငန်းခွင်စည်းကမ်းများကို အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်ညှိနှိုင်း၍ သတ်မှတ်နိုင်သည်။**

၁၄။ **အလုပ်ရှင်စေလွှတ်သည့်သင်တန်းသို့တက်ရောက်ပါက ယင်းသင်တန်းတက်ရောက်ပြီးနောက် ဆက်လက်တာဝန်ထမ်းဆောင်ရန် အလုပ်သမားက သဘောတူညီသည့်ကာလကန့်သတ်ချက် (သင်တန်း)**

(က) သင်တန်းကို အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ နှစ်ဦးသဘောတူ ညှိနှိုင်းဆောင်ရွက်နိုင်သည်။

(ခ) လုပ်ငန်းခွင်ကျွမ်းကျင်မှုဆိုင်ရာသင်တန်း တက်ရောက်ခြင်းနှင့်စပ်လျဉ်း၍ သဘောတူစာချုပ်ကို ဥပဒေနှင့်အညီ သီးခြားချုပ်ဆိုရမည်။

၁၅။ **အလုပ်မှနုတ်ထွက်ခြင်းနှင့် အလုပ်မှရပ်စဲခြင်း**

(က) **အလုပ်မှနုတ်ထွက်ခြင်း**

(၁) အတည်ပြုခန့်ထားသော အလုပ်သမားသည် အလုပ်တာဝန်မှ နုတ်ထွက်လိုပါက အကြောင်းကြားစာကို သက်ဆိုင်ရာ လုပ်ငန်းခွဲတာဝန်ခံမှတစ်ဆင့် အလုပ်ရှင် သို့မဟုတ် မန်နေဂျာ သို့မဟုတ် စီမံအုပ်ချုပ်သူထံသို့ အနည်းဆုံးတစ်လကြိုတင်၍ အကြောင်းကြားရမည်။

(၂) အလုပ်မှတရားဝင်နုတ်ထွက်ခွင့်ပြုရာတွင် အလုပ်သမားသည် မိမိအား ထုတ်ပေးထားသည့်လစာကတ်၊ ဝန်ထမ်းကတ်၊ လုပ်ငန်းသုံးပစ္စည်းနှင့်ကိရိယာများကို ပြန်လည်ပေးအပ်ရမည့်အပြင် မိမိတာဝန်ယူထားသည့်စာရင်းများ၊ ငွေကြေးများ၊ ပစ္စည်းများကို အလုပ်ရှင်ထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ရမည်။

(၃) အလုပ်သမားသည် အလုပ်မှနုတ်ထွက်လိုပါက တစ်လကြိုတင်၍ အကြောင်းကြားရမည်ဖြစ်ပြီး အလုပ်ရှင်မှ အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန်မလိုဘဲ ရရန်ရှိသည့် အမှန်တကယ် အလုပ်လုပ်ခဲ့သည့်ရက်များအတွက် လုပ်ခကျန်ငွေနှင့် လုပ်သက်ခွင့်ကို ခံစားခွင့်ပေးပြီး နုတ်ထွက်ခွင့်ပြုရမည်။

(၄) အထက်အပိုဒ်ခွဲငယ် (၃) ပါအတိုင်း အလုပ်မှနုတ်ထွက်ခွင့်ပြုရာတွင် အလုပ်ရှင်၏ကုန်ကျစရိတ်ဖြင့် သင်တန်းတက်ရောက်ထားသည့် အလုပ်သမားများအတွက် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါအတိုင်း ဆောင်ရွက်ရမည်။

(ခ) **အလုပ်မှ ရပ်စဲခြင်း၊ ထုတ်ပယ်ခြင်း**

(၁) အလုပ်ရှင်သည် အလုပ်သမားအား အလုပ်ရပ်စဲသည့်အခါ ခိုင်လုံသောအကြောင်းပြချက်ဖြင့် မှတ်တမ်းမှတ်ရာများဆောင်ရွက်ထားရှိပြီး ရုံးအမိန့်စာဖြင့် အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်ကိုယ်စားတာဝန်ရှိသူက လက်မှတ်ရေးထိုး၍ အလုပ်သမားအား ပေးပြီးမှ အလုပ်မှရပ်စဲရမည်။ အလုပ်သမားအား အလုပ်မှရပ်စဲခြင်း၊ ထုတ်ပယ်ခြင်း ကိစ္စရပ်များအားလုံးသည် အလုပ်ရှင်တွင်သာ တာဝန်ရှိသည်။

(၂) သတ်မှတ်ထားသောစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့်အလုပ်သမားများအား သာမန်ပြစ်မှုများအတွက် ပထမအကြိမ် စာဖြင့်သတိပေးခြင်း၊ ဒုတိယအကြိမ် စာဖြင့်သတိပေးခြင်း၊ တတိယအကြိမ် ဝန်ခံကတိလက်မှတ်ရေးထိုးစေခြင်း စသည့် သတိပေးခြင်းသုံးကြိမ်ပြုလုပ်ပြီးနောက် ၁၂ လအတွင်း အလုပ်သမားသည် သာမန်ပြစ်မှုကို ထပ်မံကျူးလွန်ခဲ့လျှင် အလုပ်ရှင်သည် နစ်နာကြေးပေးရန်မလိုဘဲ အလုပ်မှရပ်စဲနိုင်သည်။ သာမန်ပြစ်မှုတစ်ခုကျူးလွန်ပြီးပါက ၁၂ လအတွင်း နောက်ထပ်ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခြင်းမရှိလျှင်ဖြစ်စေ၊ တတိယအကြိမ် ကျူးလွန်ခဲ့ပြီးနောက် ၁၂ လအတွင်း ထပ်မံကျူးလွန်ခဲ့ခြင်းမရှိလျှင်ဖြစ်စေ ထိုကျူးလွန်ခဲ့သော ပြစ်မှုအားလုံးကို အလုပ်ရှင်မှ ချေဖျက်ပေးရမည်။

(၃) အထက်အပိုဒ်ခွဲငယ် (၁) မှအပ အလုပ်သမားများအား တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အလုပ်ရှင်က တစ်လကြိုတင်အကြောင်းကြား၍ သတ်မှတ်ထားသည့်နစ်နာကြေးပေးပြီး အလုပ်မှရပ်စဲနိုင်သည်။ သို့ရာတွင် ဥပဒေပြဋ္ဌာန်းချက်၊ လုပ်ထုံးလုပ်နည်းများနှင့်ဆန့်ကျင်၍ အလုပ်သမားအား အလုပ်ထုတ်ခြင်းမျိုး မဖြစ်စေရ။

(၄) လုပ်သားလျှော့ချခြင်း၊ အလုပ်သမားအား အလုပ်မှရပ်စဲခြင်းတို့အတွက် အလုပ်ရှင်သည် အလုပ်သမားအဖွဲ့အစည်းမရှိပါက အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ အလုပ်သမားအဖွဲ့အစည်းရှိပါက အလုပ်သမားအဖွဲ့အစည်း၏ ကိုယ်စားလှယ်နှင့်အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ၏ ကိုယ်စားလှယ်တို့ ပူးပေါင်း၍ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်ကိုယ်စားလှယ်နှင့်ညှိနှိုင်းဆောင်ရွက်ရမည်။

၁၆။ **စာချုပ်ရပ်စဲခြင်း**

အောက်ပါအချက်များကြောင့် သဘောတူစာချုပ်ရပ်စဲနိုင်သည် -

(က) စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ ကုမ္ပဏီ၊ လုပ်ငန်းဖျက်သိမ်းခြင်း၊

(ခ) မမျှော်မှန်းနိုင်သောဖြစ်ရပ်ကြောင့် လုပ်ငန်းရပ်ဆိုင်းသွားခြင်း၊

(ဂ) အလုပ်သမားသေဆုံးခြင်း။

၁၇။ **စာချုပ်ပါစည်းကမ်းချက်အတိုင်းတာဝန်ရှိမှုများ**

**(က) အလုပ်ရှင်၏တာဝန်ဝတ္တရားများ**

(၁) အသင်းအဖွဲ့ဝင်ဖြစ်မှု၊ လူမျိုး၊ ဘာသာ၊ ကျား/မ၊ အသက်အရွယ်ကွာခြားမှုအပေါ် မူတည်၍ ခွဲခြားဆက်ဆံခြင်း၊ တန်းတူအခွင့်အရေးမပေးခြင်းတို့ကို မပြုလုပ်ရ၊

(၂) မြန်မာနိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်သည့် နိုင်ငံခြားသားအလုပ်ရှင်များ၊ ကြီးကြပ်သူများ၊ ပညာရှင်များနှင့်မိသားစုဝင်များသည် မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို လေးစားလိုက်နာရမည်၊

(၃) တည်ဆဲအလုပ်သမားရေးရာဥပဒေများအပါအဝင် မြန်မာနိုင်ငံ၏တည်ဆဲ အခြားဥပဒေများကို လေးစားလိုက်နာရမည်၊

(၄) ဥပဒေနှင့်အညီ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိရမည်၊

(၅) အလုပ်ရှင်သည် အလုပ်သမားများ၏ရပိုင်ခွင့်များ ခံစားပိုင်ခွင့်များနှင့်စပ်လျဉ်း၍ အလုပ်သမားများအား ပွင့်လင်းစွာအသိပေးထားရမည်၊

(၆) အလုပ်ရှင်သည် လုပ်ငန်း၏လိုအပ်ချက်အရ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဦးစားပေးဆောင်ရွက်ရမည်။

**(ခ) အလုပ်သမားများ၏ တာဝန်ဝတ္တရားများ**

(၁) အလုပ်သမားသည် လုပ်ငန်း၏လိုအပ်ချက်အရ ထုတ်ပြန်ထားသောလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) လုပ်ငန်းခွင်အတွင်းသို့ မဝင်ရောက်မီ လုပ်ငန်းလိုအပ်ချက်အရ သတ်မှတ်ထားသော လုပ်ငန်းခွင်အကာအကွယ်ပေးရေးပစ္စည်းများကို စနစ်တကျဝတ်ဆင်ရမည်၊

(၃) လုပ်ငန်းခွင်နှင့် အလုပ်ချိန်အတွင်း မူးယစ်ဆေးဝါးများကို သောက်စားခြင်း၊ လုပ်ဖော်ကိုင်ဖက်များကို စိတ်ပြိုငြင်အောင် နှောင့်ယှက်ခြင်း၊ အန္တရာယ်ပေးခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်စော်ကားခြင်းများ မပြုလုပ်ရ၊

(၄) အလုပ်ရှင်မှကြိုတင်ဖွင့်ဟထားသည့် လျှို့ဝှက်အပ်သော သတင်းအချက်အလက်များကို ပြင်ပသို့ မပေါက်ကြားအောင်ထိန်းသိမ်းရမည်။ အခွင့်အမိန့်မရှိဘဲ လုပ်ငန်းနှင့်ဆိုင်သော စာရွက်စာတမ်းများ၊ စာရင်းများ၊ မှတ်တမ်းများကို ထုတ်နုတ်အသုံးပြုခြင်း၊ ကူးယူခြင်း၊ ဖယ်ရှားခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြင်ပသို့ ယူဆောင်သွားခြင်းမပြုရ၊

(၅) အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များ ညှိနှိုင်းသဘောတူညီထားသည့် အခါအားလျော်စွာ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်၊

(၆) အလုပ်သမားသည် တည်ဆဲဥပဒေများအတိုင်း ထည့်ဝင်ပေးဆောင်ရမည့်အခွန်အခများကို သတ်မှတ်နှုန်းထားများအတိုင်း ပေးဆောင်ရမည်၊

(၇) တည်ဆဲအလုပ်သမားရေးရာဥပဒေများကို လေးစားလိုက်နာရမည်၊

(၈) ဥပဒေနှင့်အညီ တရားစွဲဆိုခွင့်နှင့်တရားစွဲဆိုခံနိုင်ခွင့်ရှိရမည်။

၁၈။ **အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်အား အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးသဘောတူဖျက်သိမ်းခြင်း**

အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် မူလချုပ်ဆိုထားသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်အား ဖျက်သိမ်းနိုင်သည်။

၁၉။ **အခြားကိစ္စရပ်များ (အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုများကိုဖြေရှင်းခြင်း)**

အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုများပေါ်ပေါက်ပါက နှစ်ဦးနှစ်ဖက် ညှိနှိုင်းဖျန်ဖြေသည့်နည်းဖြင့်ဖြေရှင်းရမည်။ အကယ်၍ ပြေလည်အောင်ဖြေရှင်းနိုင်ခြင်းမရှိပါက ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့် တည်ဆဲဥပဒေများအတိုင်း ဖြေရှင်းဆောင်ရွက်ရမည်။

၂၀။ **စာချုပ်စည်းကမ်းများကိုသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့်ဖြည့်စွက်ခြင်း**

အတည်ပြုလက်မှတ်ရေးထိုးပြီးသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ ပေးပို့ရမည်။ ထို့ပြင် တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ ပြင်ဆင်ခြင်းနှင့်ဖြည့်စွက်ခြင်း ပြုလုပ်လိုပါက အလုပ်ရှင်နှင့်အလုပ်သမား နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးပြင်ဆင်ဖြည့်စွက်ပြီးနောက် အဆိုပါ သဘောတူစာချုပ်အသစ်ကိုလည်း တင်ပြရမည်။

၂၁။ **အထွေထွေ**

(က) အလုပ်သမားသည် အလုပ်သမားဥပဒေနှင့်ဆက်စပ်လျက်ရှိသော ဥပဒေများတွင်ပါဝင်သည့် ရပိုင်ခွင့်များအကာအကွယ်နှင့် အကျိုးခံစားခွင့်အားလုံးကို ခံစားခွင့်ရှိသည်။

(ခ) လိုအပ်ပါက တည်ဆဲဥပဒေများနှင့်မဆန့်ကျင်သော သက်ဆိုင်ရာလုပ်ငန်းခွင်သဘာဝအရ ထုတ်ပြန်ထားသည့် တည်မြဲအမိန့်နှင့်အလုပ်ခွင်အတွင်း လိုက်နာရန်စည်းမျဉ်းစည်းကမ်းနှင့် ရပိုင်ခွင့်များကို ဤစာချုပ်၏တစ်စိတ်တစ်ဒေသအဖြစ် မှတ်ယူရမည်။

(ဂ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်အား လုပ်ငန်း၏သဘောသဘာဝအရ တည်ဆဲ အလုပ်သမားဥပဒေများပါ ရပိုင်ခွင့်နှင့်အခွင့်အရေးများအောက် ယုတ်လျော့ခြင်း မရှိဘဲ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ သက်ဆိုင်ရာစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ ကုမ္ပဏီ၊ လုပ်ငန်းမှအလုပ်ရှင်နှင့် ၅၀ ရာခိုင်နှုန်းထက်ကျော်သော အလုပ်သမား များ၏သဘောတူညီချက်ဖြင့် ပြင်ဆင်ဖြည့်စွက်နိုင်သည်။

| **အလုပ်သမား၏လက်မှတ် (သို့မဟုတ်) လက်ဝဲလက်မပုံစံ** | **အလုပ်ရှင် (သို့မဟုတ်) မန်နေဂျာ (သို့မဟုတ်) စီမံအုပ်ချုပ်သူ** |
|---|---|
| လက်မှတ် ---------------------------- | လက်မှတ် ---------------------------- |
| အမည် ---------------------------- | အမည် ---------------------------- |
| ရာထူး/အဆင့် ------------------------ | ရာထူး/အဆင့် ------------------------ |
| နိုင်ငံသားစိစစ်ရေး --------------------- | နိုင်ငံသားစိစစ်ရေး ---------------------- |
| ကတ်ပြားအမှတ် (သို့မဟုတ်) | ကတ်ပြားအမှတ် (သို့မဟုတ်) |
| နိုင်ငံကူးလက်မှတ်အမှတ် | နိုင်ငံကူးလက်မှတ်အမှတ် |
| လုပ်ငန်း/ဌာန ------------------------ | လုပ်ငန်း/ဌာန ------------------------ |
| ရက်စွဲ ____________ | ရက်စွဲ ____________ |

**အသိသက်သေ**

| | |
|---|---|
| လက်မှတ် ---------------------------- | လက်မှတ် ---------------------------- |
| အမည် ---------------------------- | အမည် ---------------------------- |
| ရာထူး/အဆင့် ------------------------ | ရာထူး/အဆင့် ------------------------ |
| နိုင်ငံသားစိစစ်ရေး --------------------- | နိုင်ငံသားစိစစ်ရေး ---------------------- |
| ကတ်ပြားအမှတ် (သို့မဟုတ်) | ကတ်ပြားအမှတ် (သို့မဟုတ်) |
| နိုင်ငံကူးလက်မှတ်အမှတ် | နိုင်ငံကူးလက်မှတ်အမှတ် |
| လုပ်ငန်း/ဌာန ------------------------ | လုပ်ငန်း/ဌာန ------------------------ |
| ရက်စွဲ ____________ | ရက်စွဲ ____________ |

**အတည်ပြုလက်မှတ်ရေးထိုးပါသည်။**

လက်မှတ် --------------------------
အမည် ----------------------------
ခရိုင်/မြို့နယ်ဦးစီးအရာရှိ
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
---------------------- ခရိုင်/မြို့နယ်
ရက်စွဲ ________________ ။

၅။ ဤအမိန့်ကြော်ငြာစာ မထုတ်ပြန်မီက အလုပ်ရှင်၊ အလုပ်သမားချုပ်ဆိုခဲ့သည့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်များသည် မူလစာချုပ်သက်တမ်းကုန်ဆုံးသည်အထိ အတည်ဖြစ်စေရမည်။

၆။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ရေးဆွဲချုပ်ဆိုရန် ထုတ်ပြန်ခဲ့သည့် ကြေညာချက် အမှတ် (၁/၂၀၁၅) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၉၆/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်

( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် )

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန (အရာထမ်းအဆင့်) ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၇) ဆုံးဖြတ်ချက်အရ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဌာနမှ (လဝက-၁၃၉၀၇) လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ညို အား ဒုတိယညွှန်ကြားရေးမှူးရာထူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) သို့ တိုးမြှင့်ခန့်ထား လိုက်ပြီး အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဌာနတွင် ပြန်လည် တာဝန်ချထားလိုက်သည်။

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

အမှတ် ၁၅၀ ။ ။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၇) ၏ သဘောတူ ဆုံးဖြတ်ချက်အရ ကျန်းမာရေးလှုပ်ရှားမှုအားအရင်းအမြစ်ဦးစီးဌာန၊ အခြေခံသင်တန်းရာထူးစုမှ အောက်ဖော်ပြပါ လက်ထောက်ဆရာဝန် လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အား အလုပ်တာဝန်များ စတင် ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၂၄၅၈၄ | ဒေါက်တာရဲမင်းဟိန်း<br>M.B.,B.S,<br>M.Med.Sc (Ortho)<br>လက်ထောက်ဆရာဝန်<br>အခြေခံသင်တန်းရာထူးစု<br>ကျန်းမာရေးလှုပ်ရှားမှုအားအရင်းအမြစ်ဦးစီးဌာန | လက်ထောက်ကထိက<br>အရိုးရောဂါပညာဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ ခန့်ထားခြင်းခံရသည့် လက်ထောက်ကထိကသည် ကျန်းမာရေးလှုပ်ရှားမှုအား အရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်)

အမှတ် ၁၅၁ ။ ။ ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုတက္ကသိုလ် (ရန်ကုန်) မှ ဒုတိယပါမောက္ခချုပ် (သင်ကြား)၊ ပါမောက္ခဒေါ်လှလှအေး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၈ နှင့် ၈၉ တို့အရ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ယင်းခွင့်များကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)

အမှတ် ၁၅၂ ။ ။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၇) ၏ သဘောတူ ဆုံးဖြတ်ချက်အရ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာနမှ လက်ထောက် ကထိကရာထူးကို ကျောထောက်နောက်ခံပြု၍ သရုပ်ပြအဖြစ် ခန့်ထားခဲ့သော ဒေါက်တာဖြူဖြူသွင် M.B.,B.S (ဆမ ၃၅၉၆၂) အား အလုပ်တာဝန်များစွန့်လွှတ်သည့်နေ့မှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

အမှတ် ၁၅၃ ။ ။ ၂၀၁၇ ခုနှစ်၊ မေလ ၂ ရက်နေ့တွင်ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၅/၂၀၁၇) ဆုံးဖြတ်ချက်အရ တိုင်းရင်း ဆေးပညာဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယပြည်နယ်ဦးစီးဌာနမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀- ၃၀၀,၀၀၀) အား အမည်နှင့်ယှဉ်တွဲပါ ပြည်နယ်ဦးစီးဌာနမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူး၊ ဌာနသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| **အမည်၊ ရာထူး၊ ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| ဒေါ်သိန်းသိန်းဦး (တဆ-၈၆၈)<br>ဒုတိယပြည်နယ်ဦးစီးဌာနမှူး<br>ပြည်နယ်တိုင်းရင်းဆေးပညာ<br>ဦးစီးဌာနမှူးရုံး၊ ရခိုင်ပြည်နယ်။ | ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်နယ်တိုင်းရင်းဆေးပညာဦးစီး<br>ဌာနမှူးရုံး၊ ရခိုင်ပြည်နယ်။ |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ပြည်နယ်ဦးစီးဌာနမှူးသည် အမိန့်စာထွက်ပြီး (၂၁) ရက်အတွင်း အလုပ်တာဝန်များလွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

အမှတ် ၁၅၄ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်စွဲပါ စာအမှတ်၊ ၅မက (ခ) ၂၀၁၇/၁၄၄၆၀ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ် (တောင်ကြီး)၊ ဇီဝဓာတုဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာလှလှရီ (ဆမ- ၁၀၂၁၁) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

အမှတ် ၁၅၅ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်စွဲပါ စာအမှတ်၊ ၃မက (ဂ)၂၀၁၇/၁၆၃၆၀ နှင့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၇) က သဘောတူညီချက်အရ အောက်ဖော်ပြပါ ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး) လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) အား ဦးစီးအရာရှိ (ဆေးဝါး) လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူး၊ ဌာနသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူး တိုးမြှင့်ခန့်ထားလိုက်သည် -

| **အမည်၊ ရာထူး၊ ဌာန** | | **တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| ဒေါ်မေသူနွယ်<br>B.Pharm<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>ကရင်ပြည်နယ်အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ | တိုး → | ဦးစီးအရာရှိ (ဆေးဝါးဓာတ်ခွဲ)<br>ကရင်ပြည်နယ်အစားအသောက်နှင့်ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန၊ |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဦးစီးအရာရှိသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၁၅၆ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်စွဲပါ စာအမှတ်၊ ၃မက (ဂ) ၂၀၁၇/၁၆၃၅၈ နှင့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၇) က သဘောတူညီချက်အရ အောက်ဖော်ပြပါ ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်) လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) အား ဦးစီးအရာရှိ (အစားအသောက်) လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူး၊ ဌာနသို့ အလုပ်စတင် ဝင်ရောက်သည့် နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| **အမည်၊ ရာထူး၊ ဌာန** | | **တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| ဒေါက်တာဖြူရတနာ<br>ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | တိုး → | ဦးစီးအရာရှိ (အစားအသောက်)<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဦးစီးအရာရှိသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၁၅၇ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်စွဲပါ စာအမှတ်၊ ၃မက (ဂ)၂၀၁၇/၁၆၃၅၉ နှင့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၇) က သဘောတူညီချက်အရ အောက်ဖော်ပြပါ ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်) လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) များအား ဦးစီးအရာရှိ (အစားအသောက်) လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူး၊ ဌာနများသို့ အလုပ်စတင်ဝင်ရောက်သည့် နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်၊ ရာထူး၊ ဌာန** | | **တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|---|
| ၁။ | ဒေါ်နှင်းနှင်းဝင့်<br>ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)<br>မွန်ပြည်နယ်အစားအသောက်နှင့်ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန | တိုး → | ဦးစီးအရာရှိ (အစားအသောက်)<br>မွန်ပြည်နယ်အစားအသောက်နှင့်ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန |

| စဉ် | အမည်၊ ရာထူး၊ ဌာန | | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| ၂။ | ဦးကျော်သိန်းမောင်<br>ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)<br>ရခိုင်ပြည်နယ်အစားအသောက်နှင့်ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန | တိုး → | ဦးစီးအရာရှိ (အစားအသောက်)<br>ရခိုင်ပြည်နယ်အစားအသောက်နှင့်ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန |
| ၃။ | ဒေါ်စန္ဒာဖြူ<br>ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)<br>ခရိုင်အစားအသောက်နှင့်ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန၊ ဒက္ခိဏခရိုင်၊ နေပြည်တော် | တိုး → | ဦးစီးအရာရှိ (အစားအသောက်)<br>ခရိုင်အစားအသောက်နှင့်ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန၊ ဒက္ခိဏခရိုင်၊ နေပြည်တော် |

မှတ်ချက်။  ရာထူးတိုးမြှင့်ခြင်းခံရသည့် ဦးစီးအရာရှိများသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တွေ့ဆုံရန်ဖြစ်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၁၇

၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

## နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။  မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံပိုင်ဘဏ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်ပိုမိုထက်မြက်လာစေရန် ရည်ရွယ်၍ ပြုပြင်ပြောင်းလဲဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သောမူဘောင်များကို လေ့လာဆန်းစစ်သုံးသပ်ရမည် ဖြစ်ပါသည်။

၂။  အဆိုပါလုပ်ငန်းစဉ်ကို ဦးစီးကွပ်ကဲဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် **“နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကော်မတီ”** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (ဂ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | အဖွဲ့ဝင် |
| (ဃ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် | အဖွဲ့ဝင် |
| (င) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

(ဆ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဘဏ်လုပ်ငန်းဥပဒေ၊ စည်းမျဉ်းနှင့်ငွေကြေးခဝါချမှု
တိုက်ဖျက်ရေးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဇ) ဒုတိယအမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

၃။ နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မြန်မာနိုင်ငံ၏ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အောင်မြင်စေရန် အထောက်အကူပြု ဆောင်ရွက်ရန်၊

(ခ) နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရာတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများအား ခေတ်နှင့်အညီ ပြင်ဆင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(ဂ) နိုင်ငံပိုင်ဘဏ်များ ဖွံ့ဖြိုးလာစေခြင်းဖြင့် နိုင်ငံပိုင်ငွေရေးကြေးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ခေတ်မီတိုးတက်လာစေရန်၊

(ဃ) ခေတ်မီဘဏ်လုပ်ငန်းစနစ်ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဘဏ်ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး၊ တိုင်းကျိုးပြည်ပြုဘဏ်လုပ်ငန်းများဆောင်ရွက်ရေး ဦးတည်ကြိုးပမ်းရန်။

ကျော်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၃၃/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်
(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေပုဒ်မ- ၂၇ (၁) (ခ) အရ အပ်နှင်းထားသည့်အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော် မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀-F)၊ မြေကွက်အမှတ် (၁၀E)၊ ဧရိယာ (၇. ၁၅၃) ဧကအား ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) အဖြစ် အသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ လမ်းမတော်မြို့နယ်၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) အတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) မြေကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အသုံးပြုရန် မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရမှ ပြန်လည်သိမ်းယူမည်၊

(ဂ) မြေကိုအသုံးပြုရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | လမ်းမတော် | ၂၀-F | ၁၀E | ၇ | ၁၅၃ | |
| **စုစုပေါင်း** | | | | **၇** | **၁၅၃** | |

၃။ နယ်နိမိတ်အလားအလာဖော်ပြချက်

အရှေ့လားသော် - မြို့မကျောင်းလမ်း

အနောက်လားသော် - 10.D

တောင်လားသော် - ဗိုလ်ချုပ်အောင်ဆန်းလမ်း

မြောက်လားသော် - မင်းရဲကျော်စွာလမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၇) အရ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂၀-F)၊ မြေကွက်အမှတ် (၁၀E)၊ ဧရိယာ (၇. ၁၅၃) ဧကအား ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

အမှတ် ၃၁ ။ ။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂ (က) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက အောက်ဖော်ပြပါပုဂ္ဂိုလ်အား ၎င်းနှင့်ယှဉ်တွဲဖော်ပြထားသောဒေသရှိ စီမံအုပ်ချုပ်ရသည့် အစိုးရအိမ်ဥပစာအတွက် အခွင့်ရအာဏာပိုင်၏ တာဝန်ဝတ္တရားများကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ စတင်ဆောင်ရွက်ရန် အာဏာအပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အာဏာအပ်နှင်းခြင်းခံရသူ** | **ဒေသ** |
|---|---|---|
| (၁) | ဦးထွန်းလင်းစိုး<br>လက်ထောက်အထွေထွေမန်နေဂျာ<br>ကုန်းလမ်းပို့ဆောင်ရေး<br>ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး၊<br>လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်-၃<br>မြေကွက်အမှတ်-၁/ခ-အေ<br>မြေဧရိယာ - ၃. ၉၇၇ ဧကပေါ်ရှိ အစိုးရ<br>အိမ်ဥပစာများ |

အခွင့်အာဏာ။ [၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၇) အရ]

အမှတ် ၃၂ ။ ။၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂ (က) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ၎င်းနှင့်ယှဉ်တွဲဖော်ပြထားသောဒေသရှိ စီမံအုပ်ချုပ်ရသည့် အစိုးရအိမ်ဥပစာအတွက် အခွင့်ရအာဏာပိုင်၏ တာဝန်ဝတ္တရားများကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ စတင်ဆောင်ရွက်ရန် အာဏာအပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အာဏာအပ်နှင်းခြင်းခံရသူ** | **ဒေသ** |
|---|---|---|
| (၁) | ရဲ ၅၃၈၆ ဒုတိယရဲမှူး အေးမင်းသိန်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ် | ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ် အမှတ် (၄) ရပ်ကွက်၊ အကွက်အမှတ် (၆-က) တာဝတိံသာ၊ ဦးပိုင်အမှတ်-၁၃+၁၄၊ မြေဧရိယာ ၁၄. ၂၄၅ ဧကပေါ်ရှိ အစိုးရအိမ်ဥပစာများ |

အခွင့်အာဏာ။ [၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၁၇) အရ]

၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်
(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

အမှတ် ၃၃ ။ ။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂ (က) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက အောက်ဖော်ပြပါပုဂ္ဂိုလ်အား ၎င်းနှင့်ယှဉ်တွဲဖော်ပြထားသောဒေသရှိ စီမံအုပ်ချုပ်ရသည့် အစိုးရအိမ်ဥပစာအတွက် အခွင့်ရအာဏာပိုင်၏ တာဝန်ဝတ္တရားများကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှစ၍ စတင်ဆောင်ရွက်ရန် အာဏာအပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အာဏာအပ်နှင်းခြင်းခံရသူ** | **ဒေသ** |
|---|---|---|
| (၁) | ဦးလေးအောင် မန်နေဂျာ၊ (လေကြောင်းထိန်း) လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်။ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည် တောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၀၊ မြေကွက်အမှတ်-၂၆/၁၈၄၊ ၂၆၊ ၂၇၊ ၂၈ ဧရိယာ (၁၀၂. ၉၂ + ၀. ၇၂ + ၄. ၁၄ + ၂. ၆၁) ဧကပေါ်ရှိအစိုးရအိမ်ဥပစာများ |

အခွင့်အာဏာ။ [၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၇/၂၀၁၇) အရ]

အမှတ် ၃၄ ။ ။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂ (က) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက အောက်ဖော်ပြပါပုဂ္ဂိုလ်အား ၎င်းနှင့်ယှဉ်တွဲဖော်ပြထားသောဒေသရှိ စီမံအုပ်ချုပ်ရသည့် အစိုးရအိမ်ဥပစာအတွက် အခွင့်ရအာဏာပိုင်၏ တာဝန်ဝတ္တရားများကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှစ၍ စတင်ဆောင်ရွက်ရန် အာဏာအပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အာဏာအပ်နှင်းခြင်းခံရသူ** | **ဒေသ** |
|---|---|---|
| (၁) | ဦးသန်းထွန်းဦး၊ မန်နေဂျာ အမှတ် (၂၁) အကြီးစားစက်ရုံ (သထုံ) အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်။ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် (၃၀)၊ မြေကွက်အမှတ်-၁၀/၉၂ (ဘီ၂)၊ (၁၁) ရပ်ကွက်၊ ရွှေဟသ်ာလမ်း၊ မြေဧရိယာ-၅. ၁၅၉ ဧကပေါ်ရှိ နေအိမ် (၅) လုံးနှင့် ဆိုင်ခန်း (၁၃) ခန်း |

အခွင့်အာဏာ။ [၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၇/၂၀၁၇) အရ]

အမှတ် ၃၅ ။ ။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂ (က) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက အောက်ဖော်ပြပါပုဂ္ဂိုလ်အား ၎င်းနှင့်ယှဉ်တွဲဖော်ပြထားသောဒေသရှိ စီမံအုပ်ချုပ်ရသည့် အစိုးရအိမ်ဥပစာအတွက် အခွင့်ရအာဏာပိုင်၏ တာဝန်ဝတ္တရားများကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှစ၍ စတင်ဆောင်ရွက်ရန် အာဏာ အပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အာဏာအပ်နှင်းခြင်းခံရသူ** | **ဒေသ** |
|---|---|---|
| (၁) | ဦးသန်းထွန်းဦး၊ မန်နေဂျာ<br>အမှတ် (၂၁) အကြီးစားစက်ရုံ (သထုံ)<br>အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း<br>ရန်ကုန်တိုင်းဒေသကြီး၊<br>သဃ်န်းကျွန်းမြို့နယ်။ | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊<br>၈/တောင်ရပ်ကွက်၊ နတ်စင်ပြွန်လမ်း၊<br>မြေတိုင်းရပ်ကွက်အမှတ်-၂၀<br>မြေကွက်အမှတ်-၅၅/ဃ ၅၅/င အမှတ် (၂၈၆)၊<br>မြေဧရိယာ-၁. ၅၆၂ ဧကပေါ်ရှိ နေအိမ် (၄) လုံး |

အခွင့်အာဏာ။　[၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၇/၂၀၁၇) အရ]

(ပုံ) ဝင်းခိုင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၉၄/၂၀၁၈)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲမှ ကိုယ်ပိုင်အမှတ်၊ ဆလက/၄၉၂၃၃ လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ကွန်ပျူတာလုပ်ဆောင်ရေးမှူး ဦးထွန်းထွန်းနိုင်အား ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေး အမှတ်စဉ် (၇/၂၀၁၈) ၏သဘောတူညီချက်အရ ဝန်ကြီးရုံး၊ ဦးစီးရုံးတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးစီးအရာရှိ ရာထူးသို့ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ပုံ) ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

အမှတ် ၁၅၄ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ နှင့် နည်းဥပဒေ ၈၉ တို့အရ ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်ဥပဒေအရာရှိ (ညွှန်ကြားရေးမှူး) ဉ/၁၈၀၂

ဦးစောမြ အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။ အဆိုပါ ခွင့်ကုန်ဆုံးပြီးနောက် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

အမှတ် ၁၅၅ ။ ။ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး/ဒုတိယခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၂) လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) များအား ယင်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ဒုတိယညွှန်ကြားရေးမှူး (ရုံးအဖွဲ့မှူး)/ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ/ဒုတိယပြည်နယ်ဥပဒေအရာရှိ/ခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁) လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာချထားသည့်ရုံး |
|---|---|---|---|
| ၁။ | ဦးသိန်းစိုး<br>ဥ/၂၆၂၂ | ဒုတိယခရိုင်ဥပဒေအရာရှိ<br>ပုသိမ်ခရိုင်ဥပဒေရုံး | ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ<br>မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၂။ | ဒေါ်ခင်သီတာ<br>ဥ/၂၄၅၆ | ဒုတိယခရိုင်ဥပဒေအရာရှိ<br>ရန်ကုန်(တောင်ပိုင်း)ခရိုင်ဥပဒေရုံး | ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ<br>ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၃။ | ဒေါ်နန္ဒာနှင်း<br>ဥ/၂၆၁၇ | ဒုတိယခရိုင်ဥပဒေအရာရှိ<br>တောင်ကြီးခရိုင်ဥပဒေရုံး | ဒုတိယပြည်နယ်ဥပဒေအရာရှိ<br>ကယားပြည်နယ်ဥပဒေချုပ်ရုံး |
| ၄။ | ဦးစိုးညွန့်လှိုင်<br>ဥ/၂၅၈၇ | ဒုတိယခရိုင်ဥပဒေအရာရှိ<br>မန္တလေးခရိုင်ဥပဒေရုံး | ဒုတိယညွှန်ကြားရေးမှူး<br>(ရုံးအဖွဲ့မှူး)<br>ရုံးအဖွဲ့<br>ချင်းပြည်နယ်ဥပဒေချုပ်ရုံး |
| ၅။ | ဒေါ်ငွေငွေလှိုင်<br>ဥ/၂၅၀၉ | လက်ထောက်ညွှန်ကြားရေးမှူး<br>ပြစ်မှုဆိုင်ရာအယူခံ၊ ပြင်ဆင်စိစစ်ရေးဌာနခွဲ<br>တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဒုတိယညွှန်ကြားရေးမှူး<br>ပြစ်မှုဆိုင်ရာအယူခံ၊ ပြင်ဆင်စိစစ်ရေးဌာနခွဲ<br>တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၆။ | ဦးသန့်ဇင်<br>ဥ/၂၆၃၁ | ဒုတိယခရိုင်ဥပဒေအရာရှိ<br>ထားဝယ်ခရိုင်ဥပဒေရုံး | ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ<br>တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၇။ | ဦးသန်းလွင်ငွေ<br>ဥ/၂၅၂၄ | ဒုတိယခရိုင်ဥပဒေအရာရှိ<br>မန္တလေးခရိုင်ဥပဒေရုံး | ခရိုင်ဥပဒေအရာရှိ<br>ဖလမ်းခရိုင်ဥပဒေရုံး |

| စဉ် | အမည်၊ ကိုယ်ပိုင် အမှတ် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာ ချထားသည့်ရုံး |
|---|---|---|---|
| ၈။ | ဦးအောင်မြင့် ဥ/၂၅၅၆ | ဒုတိယခရိုင်ဥပဒေအရာရှိ မိုးညှင်းခရိုင်ဥပဒေရုံး | ခရိုင်ဥပဒေအရာရှိ ဖာပွန်ခရိုင်ဥပဒေရုံး |

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

အမှတ် ၁၅၈ ။ ။ အောက်ဖော်ပြပါ ဦးစီးအရာရှိ/မြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၃) လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) များအား ယင်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံး အသီးသီးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိ/ဒုတိယခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၂) လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ကိုယ်ပိုင် အမှတ် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာ ချထားသည့်ရုံး |
|---|---|---|---|
| ၁။ | ဦးလွမ်းဇယ် ဥ/၂၇၂၅ | မြို့နယ်ဥပဒေအရာရှိ မြစ်ကြီးနားမြို့နယ်ဥပဒေရုံး | ဒုတိယခရိုင်ဥပဒေအရာရှိ မိုးညှင်းခရိုင်ဥပဒေရုံး |
| ၂။ | ဦးနိုင်ဝင်း ဥ/၂၇၃၇ | မြို့နယ်ဥပဒေအရာရှိ မိုးညှင်းမြို့နယ်ဥပဒေရုံး | ဒုတိယခရိုင်ဥပဒေအရာရှိ ဗန်းမော်ခရိုင်ဥပဒေရုံး |
| ၃။ | ဒေါ်ချမ်းမြေ့အောင် ဥ/၂၇၂၈ | မြို့နယ်ဥပဒေအရာရှိ ရမ်းဗြဲမြို့နယ်ဥပဒေရုံး | ဒုတိယခရိုင်ဥပဒေအရာရှိ ကျောက်ဖြူခရိုင်ဥပဒေရုံး |
| ၄။ | ဒေါ်မြမြဦး ဥ/၂၇၆၅ | ဦးစီးအရာရှိ စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး | လ/ထ တိုင်းဒေသကြီးဥပဒေအရာရှိ စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၅။ | ဦးစိုးသန်း ဥ/၂၅၅၃ | မြို့နယ်ဥပဒေအရာရှိ ဆင်ပေါင်ဝဲမြို့နယ်ဥပဒေရုံး | လ/ထ တိုင်းဒေသကြီးဥပဒေအရာရှိ စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၆။ | ဒေါ်ဆွေဇင်ဝင်း ဥ/၂၇၄၄ | မြို့နယ်ဥပဒေအရာရှိ မင်းလှမြို့နယ်ဥပဒေရုံး (ပဲခူး) | လ/ထ တိုင်းဒေသကြီးဥပဒေအရာရှိ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၇။ | ဒေါ်ယဉ်မင်းဖြူ ဥ/၂၇၀၉ | မြို့နယ်ဥပဒေအရာရှိ မအူပင်မြို့နယ်ဥပဒေရုံး | လ/ထ တိုင်းဒေသကြီးဥပဒေအရာရှိ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၈။ | ဦးကိုကိုမောင် ဥ/၂၆၈၉ | မြို့နယ်ဥပဒေအရာရှိ မရမ်းကုန်းမြို့နယ်ဥပဒေရုံး | လ/ထ ညွှန်ကြားရေးမှူး ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြစ်မှုဆိုင်ရာအမှုလိုက်ဌာနခွဲ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၉။ | ဦးဗိုလ်ဗိုလ်နိုင် ဥ/၂၇၇၃ | မြို့နယ်ဥပဒေအရာရှိ မှော်ဘီမြို့နယ်ဥပဒေရုံး | လ/ထ တိုင်းဒေသကြီးဥပဒေအရာရှိ မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)

| | ၆ | ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း | | ၆၀. ၉၉၈ | | | ၃. ၉၇၀ | | | | ၆၄. ၉၆၈ |
| ၃ | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **၎င်း** | **၁,၄၉၄. ၆၉၀** | | | **၇၃၄. ၈၂၄** | | | | **၂,၂၂၉. ၅၁၄** |
| | ၁ | သစ်တောဦးစီးဌာန | | ၁,၂၀၅. ၂၅၄ | | | ၂၀၀. ၇၃၈ | | | | ၁,၄၀၅. ၉၉၂ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၂၁၅. ၀၅၀ | | | ၅၂၉. ၃၃၆ | | | | ၇၄၄. ၃၈၆ |
| | ၃ | သတ္တုတွင်းဦးစီးဌာန (ဆားလုပ်ငန်းဌာနခွဲ) | | ၇၄. ၃၈၆ | | | ၄. ၇၅၀ | | | | ၇၉. ၁၃၆ |
| ၄ | | **ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံး** | **၎င်း** | **၂၀. ၅၇၂** | | | | | | | **၂၀. ၅၇၂** |
| ၅ | | **ကျန်းမာရေးနှင့်အားကစား** | **၎င်း** | **၄၄၉. ၈၀၁** | | | **၃၁၇. ၈၂၀** | | | | **၇၆၇. ၆၂၁** |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၄၄၉. ၈၀၁ | | | ၃၁၇. ၈၂၀ | | | | ၇၆၇. ၆၂၁ |
| ၆ | | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | **၎င်း** | **၆၈၉. ၆၃၃** | | | **၉၀၄. ၄၅၃** | | | | **၁,၅၉၄. ၀၈၆** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၄၃၃. ၉၃၆ | | | ၃၇၇. ၉၃၃ | | | | ၈၁၁. ၈၆၉ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၁၁၉. ၃၇၃ | | | ၁၀၉. ၁၀၀ | | | | ၂၂၈. ၄၇၃ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၃၆. ၃၂၄ | | | ၄၁၇. ၄၂၀ | | | | ၅၅၃. ၇၄၄ |
| ၇ | | **ဆောက်လုပ်ရေး** | **၎င်း** | **၄၄,၅၉၉. ၂၀၉** | | | **၅၀,၉၃၁. ၁၈၄** | | | | **၉၅,၅၃၀. ၃၉၃** |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၆၅. ၉၀၁ | | | ၄၁၃၁. ၄၃၆ | | | | ၄,၃၉၇. ၃၃၇ |
| | ၂ | လမ်းဦးစီးဌာန | | ၄၄,၃၃၃. ၃၀၈ | | | ၄၆,၇၉၉. ၇၄၈ | | | | ၉၁,၁၃၃. ၀၅၆ |
| | | ပေါင်း | | ၅၇,၉၉၂. ၃၆၀ | | ၂၀ . ၀၀၀ | ၅၇,၀၉၂. ၉၂၁ | | | | ၁၁၅,၁၀၅. ၂၈၁ |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | **လျှပ်စစ်နှင့်စွမ်းအင်** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | **၄. ၀၀၀** | | | | | | | **၄. ၀၀၀** |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | ၄. ၀၀၀ | | | | | | | ၄. ၀၀၀ |
| | | **ပေါင်း** | | | | **၄. ၀၀၀** | | | | | | | **၄. ၀၀၀** |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | **လျှပ်စစ်နှင့်စွမ်းအင်** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၆၁. ၂၀၀** | | | **၁၉,၈၃၉. ၇၀၇** | | | | **၁၉,၉၀၀. ၉၀၇** |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | ၆၁. ၂၀၀ | | | ၁၉,၈၃၉. ၇၀၇ | | | | ၁၉,၉၀၀. ၉၀၇ |
| | | **ပေါင်း** | | **၆၁. ၂၀၀** | | | **၁၉,၈၃၉. ၇၀၇** | | | | **၁၉,၉၀၀. ၉၀၇** |

ဇယား (၇)
(ကျပ်သန်းပေါင်း)

## စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှရငွေ | |
| | | | | | | | | | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | စည်ပင်သာယာရေးအဖွဲ့များ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၈၉၉. ၅၅၂ | | ၈,၁၉၄. ၃၁၉ | | | | | | | ၉,၀၉၃. ၈၇၁ |
| | ပေါင်း | | ၈၉၉. ၅၅၂ | | ၈,၁၉၄. ၃၁၉ | | | | | | | ၉,၀၉၃. ၈၇၁ |

## စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | သုံးငွေများ - အတိုးပေးငွေ | သုံးငွေများ - ထောက်ပံ့ငွေ | သုံးငွေများ - ငွေလုံးငွေရင်းသုံးငွေ | သုံးငွေများ - ကြွေးမြီ - ထုတ်ချေးငွေ | သုံးငွေများ - ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | သုံးငွေများ - အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | စည်ပင်သာယာရေးအဖွဲ့များ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄,၀၉၅. ၅၇၅ | | | ၅,၉၉၈. ၂၉၆ | | | | ၁၀,၀၉၃. ၈၇၁ |
| | ပေါင်း | | ၄,၀၉၅. ၅၇၅ | | | ၅,၉၉၈. ၂၉၆ | | | | ၁၀,၀၉၃. ၈၇၁ |

# ၂၀၁၇ ခုနှစ်၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## (၂၀၁၇ ခုနှစ်၊ ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄ ။)

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်)

ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့်စတင် အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၇ ခုနှစ်၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ

## အခန်း (၁)

## ရငွေများနှင့်သုံးငွေများ

၂။ ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ထောင်စုမှ ထောက်ပံ့ငွေ၊ ချေးယူရငွေတို့သည် လျာထားသည်ထက်ပိုမိုရရှိလျှင် ယင်းသို့ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

၄။ (က) ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ် အတွက်၊ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်း များတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲ ရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်း သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) အရ ပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) အရ ပိုမိုသုံးစွဲရန်ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်နယ် လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အခန်း (၂)
## ငွေချေးယူခြင်း

၆။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက် တစ်ရပ်ရပ် အတွက် ပြည်နယ်အစိုးရဌာန တစ်ခုခုအား ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူခွင့်ပြုနိုင်သည်။ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ရရှိသော ချေးငွေများကို နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သောစည်းကမ်းများသတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၇။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ဤအခန်း (၂) ပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီးသည် ဤအခန်း (၂) အရ ငွေချေးယူသော ကိစ္စရပ်များအတွက် ပြည်နယ်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

## အပိုင်း ၃
## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

## အခန်း (၁)
## ရငွေများနှင့်သုံးငွေများ

၈။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန်ဆောင်ရွက် နိုင်ရေးနှင့် မိမိတို့၏ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည်နိုင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရာတွင် အဖွဲ့အစည်းများအလိုက် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဆောင်ရွက်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများအတွက်

လိုအပ်သည့် သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းများ ဝယ်ယူခြင်းအသုံးစရိတ်ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။ လုပ်ငန်းသုံးရင်းနှီးငွေကို မိမိတို့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန်မလုံလောက်ပါက မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရတည်ထောင်ထားသောဘဏ်များမှ ငွေချေးယူသုံးစွဲနိုင်သည်။

၉။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၁၀။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂)
## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၁။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား (၅) တွင်ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျှော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ဇယား (၆) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ကြွေးမြီသုံးငွေများတွင် ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်း စီမံကိန်းတစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်နယ်အစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးစပ်ဆုံးကျင်းပသည့် ပြည်နယ်လွှတ်တော်သို့တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခြင်းပြုနိုင်သည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက ပြည်နယ်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(င) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း မြန်မာနိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

(စ) ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မခွဲ (င) ပါ လုပ်ပိုင်ခွင့်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်နယ်ဝန်ကြီးအား အပ်နှင်းနိုင်သည်။

## အခန်း (၃)
## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ

၁၂။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၅) တွင် ဖော်ပြထားသော ရငွေများကို တိုးခြင်း၊ လျှော့ခြင်းနှင့်စပ်လျဉ်း၍သော် လည်းကောင်း၊ ဇယား (၆) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ကြွေးမြီသုံးငွေများတွင် ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်း စီမံကိန်း တစ်ခုစီအတွင်း ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲနိုင်သည်။

(ဂ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့ အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်း သုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်း တစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပြီး ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲနိုင်သည်။

(ဃ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) အရ ငွေချေးယူလိုလျှင် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်ပေးသည့်ငွေထက် မကျော်လွန်ဘဲ ချေးယူနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) အယ်လ်ဖောင်းရှို
ဝန်ကြီးချုပ်
ကယားပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်အစိုးရ/ ပြည်နယ်လွှတ်တော်/ ပြည်နယ်တရားလွှတ်တော်/ ပြည်နယ်ဥပဒေချုပ်/ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အစိုးရအဖွဲ့ရုံး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၄၀၇၃. ၀၂၇ | | | ၇၀၀. ၀၀၀ | | | |
| ၂ | လွှတ်တော်ရုံး | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၂. ၂၄၅ | | | | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၀၂၂ | | | | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၀၅၆ | | | | | | |
| | ပေါင်း | | | | ၄၀၇၅. ၃၅၀ | | | ၇၀၀. ၀၀၀ | | | |

## ပြည်နယ်အစိုးရ/ ပြည်နယ်လွှတ်တော်/ ပြည်နယ်တရားလွှတ်တော်/ ပြည်နယ်ဥပဒေချုပ်/ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | အစိုးရအဖွဲ့ရုံး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၉၉၅. ၇၉၁ | | | ၁၀၄၅၁. ၃၇၇ | | | |
| ၂ | လွှတ်တော်ရုံး | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၁၂. ၂၂၈ | | | ၃၀၇၁. ၉၇၃ | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၆၀. ၇၈၉ | | | | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၁၈၅. ၄၅၇ | | | ၁၃၂. ၀၀၀ | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၄၄၃. ၀၅၆ | | | ၂၇၃. ၄၀၀ | | | |
| | ပေါင်း | | ၄၀၉၇. ၃၂၂ | | | ၁၃၉၂၈. ၇၅၀ | | | |

## ပြည်နယ်အဆင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့်အခွန်အကောက်** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၄၆. ၀၁၅** | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၄၆. ၀၁၅ | | | | | | | | |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက်** | **၎င်း** | **၇၁. ၉၈၈** | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၂. ၅၃၇ | | | | | | | | |
| | ၂ | ရေခွန် | | ၁၅. ၀၀၀ | | | | | | | | |
| | ၃ | တာတမံခွန် | | | | | | | | | | |
| | ၄ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၂၀. ၄၇၀ | | | | | | | | |
| | ၅ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၃၂. ၂၆၁ | | | | | | | | |
| | ၆ | အင်းအိုင်ခွန် | | ၀. ၇၂၀ | | | | | | | | |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | **၎င်း** | **၁၈၁. ၁၇၀** | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၁၀၄. ၁၉၇ | | | | | | | | |
| | ၂ | ဘီးခွန် | | ၃၃. ၄၃၃ | | | | | | | | |
| | ၃ | အမြတ်ခွန်မှရရှိသောဝေစု | | ၄၃. ၅၄၀ | | | | | | | | |
| ၄ | | **ပြည်နယ်အဆင့် စီးပွားရေးအဖွဲ့အစည်းများမှရငွေ** | **၎င်း** | | | | | | | | | |
| ၅ | | **မြေခွန်စည်းကြပ်ခ** | **၎င်း** | | | | | | | | | |

## ပြည်နယ်အဆင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃) အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၆ | | **ပြည်ထဲရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | **၁၁. ၅၄၈** | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၉. ၀၀၀ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၄၈ | | | | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၂. ၅၀၀ | | | | | | |
| ၇ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း** | **ရှင်း** | | | **၄. ၇၆၄** | | | | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၀. ၈၄၁ | | | | | | |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၀. ၀၂၅ | | | | | | |
| | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၁. ၄၇၇ | | | | | | |
| | ၄ | သမဝါယမဦးစီးဌာန | | | | ၁. ၂၆၃ | | | | | | |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၁. ၁၉၈ | | | | | | |
| ၈ | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **ရှင်း** | | | **၁. ၃၀၀** | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁. ၂၀၀ | | | | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | ၀. ၁၀၀ | | | | | | |
| ၉ | | **ကျန်းမာရေးနှင့်အားကစား** | **ရှင်း** | | | **၁၂. ၆၀၁** | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၁၂. ၆၀၁ | | | | | | |
| ၁၀ | | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | **ရှင်း** | | | **၀. ၃၂၅** | | | **၅၁၄၄၂. ၀၇၃** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၃၂၀ | | | | | | |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | | | | | | | | |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | ၀. ၀၀၅ | | | ၅၁၄၄၂. ၀၇၃ | | | |
| ၁၁ | | **ဆောက်လုပ်ရေး** | **ရှင်း** | | | **၄၀. ၂၆၄** | | | | | | |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၂၂. ၇၅၉ | | | | | | |
| | ၂ | လမ်းဦးစီးဌာန | | | | ၁၇. ၅၀၅ | | | | | | |
| ၁၂ | | **စည်ပင်သာယာရေးအဖွဲ့များ** | **ရှင်း** | | | **၁၁၈၃. ၅၈၈** | | | | | | |
| | | ပေါင်း | | **၂၉၉. ၁၇၃** | | **၁၂၅၄. ၃၉၀** | | | **၅၁၄၄၂. ၀၇၃** | | | |

## ပြည်နယ်အဆင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| **၁** | | **ပြည်ထဲရေး** | **ပြည်နယ်ဝန်ကြီးချုပ်** | **၂၇၃၂. ၇၇၃** | | **၂၀. ၀၀၀** | **၂၉၅၇. ၁၉၅** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | **သို့မဟုတ် ပြည်နယ်** | ၁၈၀၃. ၅၆၆ | | ၂၀. ၀၀၀ | ၁၅၀၀. ၀၀၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | **ဝန်ကြီးချုပ်က တာဝန်ပေးသူ** | ၁၈၅. ၄၇၈ | | | ၇၅. ၆၅၀ | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | ၇၄၃. ၇၂၉ | | | ၁၃၈၁. ၉၄၅ | | | |
| **၂** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း** | **ဇ၀င်း** | **၁၃၆၄. ၅၅၇** | | | **၁၂၆၃. ၁၇၇** | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၇၇၀. ၀၉၇ | | | ၂၂၃. ၄၉၀ | | | |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၉၅. ၀၆၂ | | | ၄၁၃. ၅၀၃ | | | |
| | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၅၅. ၃၉၄ | | | ၂၅၀. ၄၄၄ | | | |
| | ၄ | သမဝါယမဦးစီးဌာန | | ၂၃၉. ၇၄၃ | | | ၁၆၉. ၅၀၀ | | | |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၀၄. ၂၆၁ | | | ၂၀၆. ၂၄၀ | | | |
| **၃** | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **ဇ၀င်း** | **၅၇၁. ၀၇၅** | | | **၆၂၅. ၁၉၈** | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၄၆၆. ၂၀၅ | | | ၂၆၂. ၀၇၀ | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၁၀၄. ၈၇၀ | | | ၃၆၃. ၁၂၈ | | | |
| **၄** | | **ကျန်းမာရေးနှင့်အားကစား** | **ဇ၀င်း** | **၂၉၇. ၆၇၉** | | | **၁၂၂၇. ၂၉၆** | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၂၉၇. ၆၇၉ | | | ၁၂၂၇. ၂၉၆ | | | |
| **၅** | | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | **ဇ၀င်း** | **၄၈၁. ၅၈၈** | | | **၁၀၆၃. ၂၈၆** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၃၃၄. ၅၀၀ | | | ၇၀၆. ၇၈၆ | | | |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၇၀. ၂၀၀ | | | ၁၂၉. ၈၀၀ | | | |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၇၆. ၈၈၈ | | | ၂၂၆. ၇၀၀ | | | |
| **၆** | | **ဆောက်လုပ်ရေး** | **ဇ၀င်း** | **၈၁၀၅. ၇၄၅** | | | **၁၂၉၉၇. ၆၈၉** | | | |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၉၉. ၀၇၈ | | | ၁၉၀၄. ၃၅၆ | | | |
| | ၂ | လမ်းဦးစီးဌာန | | ၇၉၀၆. ၆၆၇ | | | ၁၁၀၉၃. ၃၃၃ | | | |
| **၇** | | **စည်ပင်သာယာရေးအဖွဲ့များ** | **ဇ၀င်း** | **၁၀၃၁. ၂၂၅** | | | **၅၀၀၆. ၀၃၂** | | | |
| | | ပေါင်း | | ၁၄၅၈၄. ၆၄၂ | | ၂၀. ၀၀၀ | ၂၅၁၄၀. ၂၇၃ | | | |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | | | | | | | | |
| | ပေါင်း | | | | | | | | | | |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| | | | | | | | | | |
| | ပေါင်း | | | | | | | | |

# ၂၀၁၇ ခုနှစ်၊ ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
## (၂၀၁၇ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၂၃ ရက်)

ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁
## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၇ ခုနှစ်၊ ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂
## ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

## အခန်း (၁)
## ရငွေများနှင့် သုံးငွေများ

၂။ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသောရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသော ရငွေများနှင့် စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသောသုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ဂ) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့် ကရင်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ ဦးစီးဌာနများနှင့် စည်ပင်ယာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အခန်း (၂)
## ငွေချေးယူခြင်း

၆။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ပမှရရှိသောချေးငွေများကို ရယူခြင်း၊ ချေးငွေများကို သုံးစွဲခြင်းတို့အား ဆောင်ရွက်ရာတွင် ပြည်ထောင်စုဥပဒေနှင့် မဆန့်ကျင်စေရ။ အဆိုပါကိစ္စရပ်များအတွက် ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

## အခန်း (၃)
## ပြည်ပအကူအညီရယူခြင်း

၇။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခြင်း၊ အကူအညီရငွေများကို သုံးစွဲခြင်းတို့အား ဆောင်ရွက်ရာတွင် ပြည်ထောင်စုဥပဒေနှင့်မဆန့်ကျင်စေရ။ အဆိုပါကိစ္စရပ်များအတွက် ကိစ္စတစ်ရပ်ချင်းအလိုက် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ခွင့်ပြုနိုင်ပါသည်။

# အပိုင်း ၃
# ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း

## အခန်း (၁)
## သုံးငွေများ

၈။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းသည် ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်အပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် ဆောင်ရွက်ကြရမည်။ သို့ရာတွင် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း၏လိုငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုသော ထောက်ပံ့ငွေဖြင့် ဖြည့်ဆည်းပေးပါမည်။

၉။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန် အလို့ငှာ ကရင်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၁၀။ (က) ဇယား (၅) တွင် ဖော်ပြထားသည့်သုံးငွေများသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း၏ သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်သည် ဇယား (၅) တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂)
## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၁။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅)တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ကိစ္စတစ်ရပ်ချင်းအလိုက် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ကရင်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေရယူဆောင်ရွက်ခြင်းပြုနိုင်သည်။

## အခန်း (၃)
## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ

၁၂။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းသည် ဇယား (၅) တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) ဇယား (၅) တွင် ဖော်ပြထားသောငွေများကို ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းက မိမိတို့ လုပ်ငန်းလိုအပ်ချက်အရ ပြောင်းလဲလိုပါက ယင်းသို့ ပြောင်းလဲပေးနိုင်ရေးအတွက် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

## အပိုင်း ၄
## သီးသန့်ရန်ပုံငွေ

၁၃။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ဖော်ပြထားသောသီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည် -

(၁) ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ထောက်ခံချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုသောအသုံးစရိတ်ဖြစ်ခြင်း။

(ခ) သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာခွင့်ပြုရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်းအလိုက် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တင်ပြပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) နန်းခင်ထွေးမြင့်
ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

## ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ပြည်နယ်အဆင့်အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုး ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ - ချေးယူ ရငွေ | အဖွဲ့အစည်း များတွင်ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၀.၈၉၂ | | ၅,၈၈၉.၃၆၇ | | | | ၇၀၀.၀၀၀ | | | | ၆,၅၉၀.၂၅၉ |
| ၂ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၂၀၆.၉၀၀ | | | | | | | | ၂၀၆.၉၀၀ |
| ၃ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၀၃၀ | | | | | | | | ၀.၀၃၀ |
| ၄ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၀၇၀ | | | | | | | | ၀.၀၇၀ |
| | ပေါင်း | | ၀.၈၉၂ | | ၆,၀၉၆.၃၆၇ | | | | ၇၀၀.၀၀၀ | | | | ၆,၇၉၇.၂၅၉ |

ဇယား (၂)
(ကျပ်သန်းပေါင်း)

## ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁,၁၈၅. ၀၇၂ | | ၇၀၀. ၀၀၀ | ၇,၃၂၁. ၁၉၃ | | | | ၉,၂၀၆. ၂၆၅ |
| ၂ | ပြည်နယ်လွှတ်တော် | ဥက္ကဋ္ဌ | ၃၀၆. ၅၄၈ | | | ၁၈. ၀၀၀ | | | | ၃၂၄. ၅၄၈ |
| ၃ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၉. ၄၈၉ | | | | | | | ၅၉. ၄၈၉ |
| ၄ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၂၃၆. ၆၀၀ | | | ၄၉. ၄၆၀ | | | | ၂၈၆. ၀၆၀ |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၄၃၄. ၈၉၅ | | | ၉၃. ၆၄၀ | | | | ၅၂၈. ၅၃၅ |
| | ပေါင်း | | ၂,၂၂၂. ၆၀၄ | | ၇၀၀. ၀၀၀ | ၇,၄၈၂. ၂၉၃ | | | | ၁၀,၄၀၄. ၈၉၇ |

## ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့်အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင်** ကောက်ခံသည့် အခွန်အကောက် | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၁၈၆. ၂၁၅** | | | | | | | | | | **၁၈၆. ၂၁၅** |
| | ၁ | ယစ်မျိုးခွန် | | ၁၈၆. ၂၁၅ | | | | | | | | | | ၁၈၆. ၂၁၅ |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ်ကောက်ခံသည့်အခွန်အကောက်** | **၎င်း** | **၃၈၂. ၄၃၆** | | | | | | | | | | **၃၈၂. ၄၃၆** |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၆၀. ၁၆၈ | | | | | | | | | | ၆၀. ၁၆၈ |
| | ၂ | တာတမံခွန် | | ၀. ၀၄၅ | | | | | | | | | | ၀. ၀၄၅ |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၂၄၇. ၈၂၈ | | | | | | | | | | ၂၄၇. ၈၂၈ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၃၃. ၄၀၅ | | | | | | | | | | ၃၃. ၄၀၅ |
| | ၅ | အင်းအိုင်ခွန် | | ၄၀. ၉၉၀ | | | | | | | | | | ၄၀. ၉၉၀ |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | **၎င်း** | **၁၉၁. ၇၀၆** | | | | | | | | | | **၁၉၁. ၇၀၆** |
| | ၁ | ပစ္စည်းခွန် | | ၁၈၄. ၉၇၄ | | | | | | | | | | ၁၈၄. ၉၇၄ |
| | ၂ | ဘီးခွန် | | ၆. ၇၃၂ | | | | | | | | | | ၆. ၇၃၂ |
| ၄ | | **ပြည်ထဲရေး** | **၎င်း** | **၁၃. ၅၂၈** | | | | | | | | | | **၁၃. ၅၂၈** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၂. ၉၅၈ | | | | | | | | | | ၁၂. ၉၅၈ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၀. ၀၇၀ | | | | | | | | | | ၀. ၀၇၀ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၀. ၅၀၀ | | | | | | | | | | ၀. ၅၀၀ |
| ၅ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း** | **၎င်း** | **၂၃. ၁၁၄** | | | | | | | | | | **၂၃. ၁၁၄** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၁. ၀၀၀ | | | | | | | | | | ၁၁. ၀၀၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၉. ၇၀၀ | | | | | | | | | | ၉. ၇၀၀ |
| | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၀. ၉၀၀ | | | | | | | | | | ၀. ၉၀၀ |
| | ၄ | သမဝါယမဦးစီးဌာန | | ၁. ၁၆၄ | | | | | | | | | | ၁. ၁၆၄ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၀. ၃၅၀ | | | | | | | | | | ၀. ၃၅၀ |
| ၆ | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **၎င်း** | **၄. ၈၈၁** | | | | | | | | | | **၄. ၈၈၁** |
| | ၁ | သစ်တောဦးစီးဌာန | | ၄. ၈၀၁ | | | | | | | | | | ၄. ၈၀၁ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၀. ၀၈၀ | | | | | | | | | | ၀. ၀၈၀ |
| ၇ | | **ကျန်းမာရေးနှင့်အားကစား** | **၎င်း** | **၉. ၆၅၉** | | | | | | | | | | **၉. ၆၅၉** |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၉. ၆၅၉ | | | | | | | | | | ၉. ၆၅၉ |
| ၈ | | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | **၎င်း** | | | | | | | **၇၅,၂၈၀. ၆၄၆** | | | | **၇၅,၂၈၀. ၆၄၆** |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | | ၇၅,၂၈၀. ၆၄၆ | | | | ၇၅,၂၈၀. ၆၄၆ |
| ၉ | | **ဆောက်လုပ်ရေး** | **၎င်း** | | | **၉၁. ၈၆၃** | | | | | | | | **၉၁. ၈၆၃** |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၁၅. ၅၄၆ | | | | | | | | ၁၅. ၅၄၆ |
| | ၂ | လမ်းဦးစီးဌာန | | | | ၇၆. ၃၁၇ | | | | | | | | ၇၆. ၃၁၇ |
| ၁၀ | | **စည်ပင်သာယာရေးအဖွဲ့များ** | **၎င်း** | | | **၃၀၂၄. ၀၇၉** | | | | | | | | **၃၀၂၄. ၀၇၉** |
| | | **ပေါင်း** | | **၇၆၀. ၃၅၇** | | **၃,၁၆၇. ၁၂၄** | | | | **၇၅,၂၈၀. ၆၄၆** | | | | **၇၉,၂၀၈. ၁၂၇** |

ဇယား (၄)
(ကျပ်သန်းပေါင်း)

## ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေ - သာမန်သုံးငွေ | သုံးငွေ - အတိုးပေးငွေ | သုံးငွေ - ထောက်ပံ့ငွေ | သုံးငွေ - ငွေလုံးငွေရင်းသုံးငွေ | သုံးငွေ - ကြွေးမြီ - ထုတ်ချေးငွေ | သုံးငွေ - ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | သုံးငွေ - အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | **ပြည်ထဲရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၅,၀၅၉. ၂၉၇** | | **၂၀. ၀၀၀** | **၁,၈၃၇. ၃၈၆** | | | | **၆,၉၁၆. ၆၈၃** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၃,၉၃၆. ၅၂၀ | | ၂၀. ၀၀၀ | ၇၇၃. ၄၃၉ | | | | ၄,၇၂၉. ၉၆၀ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၁၆. ၄၂၉ | | | ၁၆၈. ၂၂၇ | | | | ၃၈၄. ၆၅၆ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၉၀၆. ၃၄၇ | | | ၈၉၅. ၇၂၀ | | | | ၁,၈၀၂. ၀၆၇ |
| ၂ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း** | **ၑင်း** | **၁,၈၈၀. ၂၄၄** | | | **၈၅၄. ၆၈၇** | | | | **၂,၇၃၄. ၉၃၁** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၁,၁၁၀. ၂၀၃ | | | ၁၁၂. ၈၅၀ | | | | ၁,၂၂၃. ၀၅၃ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၁၅၄. ၄၆၂ | | | ၁၂၈. ၈၈၅ | | | | ၂၈၃. ၃၄၇ |
| | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၂၂၃. ၀၉၄ | | | ၄၉၈. ၆၃၈ | | | | ၇၂၀. ၇၃၂ |
| | ၄ | သမဝါယမဦးစီးဌာန | | ၂၅၉. ၃၇၃ | | | ၅၁. ၀၄၀ | | | | ၃၁၀. ၄၁၃ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၃၃. ၁၁၂ | | | ၆၃. ၂၇၄ | | | | ၁၉၆. ၃၈၆ |
| ၃ | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **ၑင်း** | **၇၁၇. ၄၀၂** | | | **၃၂၀. ၈၄၆** | | | | **၁,၀၃၈. ၂၄၈** |
| | ၁ | သစ်တောဦးစီးဌာန | | ၅၈၅. ၆၉၅ | | | ၇၂. ၁၅၀ | | | | ၆၅၇. ၈၄၅ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၁၃၁. ၇၀၇ | | | ၂၄၈. ၆၉၆ | | | | ၃၈၀. ၄၀၃ |
| ၄ | | **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား** | **ၑင်း** | **၂၂. ၆၀၆** | | | | | | | **၂၂. ၆၀၆** |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၂၂. ၆၀၆ | | | | | | | ၂၂. ၆၀၆ |
| ၅ | | **ကျန်းမာရေးနှင့်အားကစား** | **ၑင်း** | **၃၁၄. ၉၇၈** | | | **၃၉၇. ၀၅၇** | | | | **၇၁၂. ၀၃၅** |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၃၁၄. ၉၇၈ | | | ၃၉၇. ၀၅၇ | | | | ၇၁၂. ၀၃၅ |
| ၆ | | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | **ၑင်း** | **၄၄၁. ၀၆၂** | | | **၁၁၉. ၆၂၀** | | | | **၅၆၀. ၆၈၂** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၃၀၀. ၃၅၄ | | | ၈၉. ၃၅၀ | | | | ၃၈၉. ၇၀၄ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၆၇. ၇၀၄ | | | ၂. ၂၀၀ | | | | ၆၉. ၉၀၄ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၇၃. ၀၀၄ | | | ၂၈. ၀၇၀ | | | | ၁၀၁. ၀၇၄ |
| ၇ | | **ဆောက်လုပ်ရေး** | **ၑင်း** | **၅,၄၆၀. ၁၁၇** | | | **၄၁,၈၈၄. ၉၃၈** | | | | **၄၇,၃၄၅. ၂၅၅** |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၉၅. ၇၆၇ | | | ၁,၀၃၃. ၉၄၅ | | | | ၁,၂၂၉. ၇၁၂ |
| | ၂ | လမ်းဦးစီးဌာန | | ၅,၂၆၄. ၅၅၀ | | | ၄၀,၈၅၀. ၉၉၃ | | | | ၄၆,၁၁၅. ၅၄၃ |
| ၈ | | **စည်ပင်သာယာရေးအဖွဲ့များ** | **ၑင်း** | **၁,၄၂၃. ၉၇၈** | | | **၃,၉၅၂. ၄၁၇** | | | | **၅,၃၇၆. ၃၉၅** |
| | | **ပေါင်း** | | **၁၅,၃၁၉. ၈၈၄** | | **၂၀. ၀၀၀** | **၄၉,၃၆၆. ၉၅၁** | | | | **၆၄,၇၀၆. ၈၃၅** |

ဇယား (၅)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | **လျှပ်စစ်နှင့်စွမ်းအင်** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | | **၁၀,၈၉၃. ၆၅၄** | | | | **၁၀,၈၉၃. ၆၅၄** |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ပြည်နယ်အဆင့်ဆောင်ရွက်ရမည့်လုပ်ငန်းများ) | | | | | ၁၀,၈၉၃. ၆၅၄ | | | | ၁၀,၈၉၃. ၆၅၄ |
| | | **ပေါင်း** | | | | | **၁၀,၈၉၃. ၆၅၄** | | | | **၁၀,၈၉၃. ၆၅၄** |

# ၂၀၁၇ ခုနှစ်၊ ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## (၂၀၁၇ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်)

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁
## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို **၂၀၁၇ ခုနှစ်၊ ချင်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂
## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

